## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-09-3
9 789998 656093 >



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| **ပြန်ကြားရေးဝန်ကြီးဌာန** | – | စာအုပ်အမှတ်စဉ် ( ၇၂ / ၂၀၂၃ ) |
| **ထုတ်ဝေသည့်ခုနှစ်** | – | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ |
| **ထုတ်ဝေသည့်အကြိမ်** | – | ပထမအကြိမ် |
| **အုပ်ရေ** | – | ၁၅၀၀ အုပ် |
| **ပုံနှိပ်** | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ )

## မာတိကာ


| | | |
|---|---|---|
| ၁။ | မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားတွင် လျှောက်ထားတင်ပြချက် | ၇ |
| ၂။ | အသစ်ဖွဲ့စည်းထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၁၄ |
| ၃။ | ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၁၈ |
| ၄။ | တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၂၅ |
| ၅။ | အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပြောကြားသည့်အမှာစကား | ၃၀ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား | ၃၃ |
| ၇။ | ပုသိမ်မြို့ အားကစားကဏ္ဍမြှင့်တင်ရေးဆောင်ရွက်နေမှုများနှင့် ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၃၆ |
| ၈။ | မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ (သာပေါင်း) စတင်ဖွင့်လှစ်လည်ပတ်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၃၉ |
| ၉။ | BPI Pharmaceutical Museum ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်စဉ် ပြောကြားသည့် အမှာစကား | ၄၄ |

၁၀။ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် (၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS–2023) ၌ Video Message ဖြင့် ပြောကြားသည့်အမှာစကား ၄၈

၁၁။ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက်ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၅၂

၁၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)တွင်ပြောကြားသည့်အမှာစကား ၅၆

၁၃။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၆၃

၁၄။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုများနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်ပြောကြားသည့်အမှာစကား ၆၇

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)တွင် ပြောကြားသည့်အမှာစကား ၆၉

၁၆။ ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၇၄


**သဝဏ်လွှာများ**


၁။ (၅၆) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာ ၇၉


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားတွင် လျှောက်ထားတင်ပြချက်

( ၁ - ၈ - ၂၀၂၃ )





ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ်လ (၁)ရက်နေ့နံနက်ပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိသတ်မှတ်နေရာများ၌ ကျင်းပရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

## ကြွရောက်ချီးမြှင့်တော်မူ

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူသည့် နိုင်ငံတော်ဩဝါဒါ စရိယသောဌသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တညာဏိဿရနှင့် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသော ပြည်တွင်း၊ ပြည်ပမှ ဆရာတော်၊ သံဃာတော်အပါး ၉၀၀၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး အပါး ၂၀ တို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မိသားစုဝင်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ အတွင်းရေး မှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူး

နှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များနှင့် ဓမ္မမိတ်ဆွေများ၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညို ပူဇော်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ရွှေကြာသက်နန်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

**ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း**

ထို့နောက် သံဃာတော် ၈၅၅ ပါးတို့အား ရင်ပြင်တော်ပေါ်ရှိသံဃာတော်မဏ္ဍပ်ကြီး လေးဆောင်သို့လည်းကောင်း၊ အနေကဇာတင်ပူဇော်နိုင်ရေးအတွက် ပါဠိဆရာတော်အမှူးပြုသော သံဃာတော် ၁၂ ပါးတို့အား မုစလိန္ဒနှင့် သာသနာ့ဗိမာန်တော်သို့လည်းကောင်း၊ မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးမည့် ဆရာတော်ငါးပါးတို့အား မာရဝိဇယကျောင်းတော်သို့ လည်းကောင်း၊ မဟာထေရ်ကိုးပါးတို့အား ထေရာသနနေရာသို့ လည်းကောင်း ဥပါသကာများက ပင့်ဆောင်ကြပြီး မင်္ဂလာဘိသိက်ပန်း၊ အောင်တံခွန်၊ အောင်ကုက္ကားများ ဆက်ကပ်ကြသည်။

ယင်းနောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မာရဝိဇယဗုဒ္ဓပူဇာဓမ္မတေးဖြင့် ပူဇော်၍ မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ် တီးခတ်ပူဇော်သည်။

ဆက်လက်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်ပနိုင်ငံများမှ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် သီတဂူဆရာတော်ကြီးထံ အခမ်းအနားကို လွှဲအပ်သည်။

ထို့နောက် ကြွရောက်တော်မူကြသည့် ကမ္ဘောဒီးယားနိုင်ငံမှ သံဃာတော်ခြောက်ပါး၊ ထိုင်းနိုင်ငံမှ သံဃာတော် ၁၁ ပါး၊ နီပေါနိုင်ငံမှ သံဃာတော် ၁၀ ပါး၊ ဗီယက်နမ်နိုင်ငံမှ သံဃာတော် ၁၁ ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံဃာတော် ၁၀ ပါး၊ လာအိုနိုင်ငံမှ သံဃာတော် ခြောက်ပါး၊ သီရိလင်္ကာနိုင်ငံမှ သံဃာတော် ၁၁ ပါးနှင့် အိန္ဒိယနိုင်ငံမှ သံဃာတော် ငါးပါးတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ထို့အတူ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်းမှ သံဃာတော်များက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက ဇယောဟိဗုဒ္ဓဿ သီရိမတော အစချီ ဇယမင်္ဂလာ အောင်ဘိသိက်ဂါထာတော်ကို ရွတ်ဆိုပူဇော်၍ ဂါထာတော်ပြီးဆုံးချိန်တွင် သာခုသုံးကြိမ်ခေါ်ဆိုပြီး လျှပ်ပန်းရောင်စုံ မီးပန်းစုံတို့ဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပူဇော်၍ အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

**ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်း**

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အလှုပန်းစိုက်ငွေဖလားကိုင်၊ သာသနာ့အလံကိုင်၊ ထီးဖြူတော်ကိုင်၊ မင်္ဂလာဝေါယာဉ်တော်ကိုင် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများ၊ ပန်းကြဲအဖွဲ့နှင့် ဝတ်အသင်းအဖွဲ့များက ကျောက်စာရုံစေတီတော် အဝင်မုခ်ဦးရှိ သတ်မှတ်နေရာများတွင် နေရာယူကြပြီး တာဝန်ရှိသူများက မဟာထေရ်ဆရာတော်ကြီး ၁၁ ပါးအား ထေရာသနမဏ္ဍပ်သို့ ပင့်ဆောင်ပေးကြသည်။

ယင်းနောက် ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ မင်္ဂလာမော်ကွန်း ကျောက်စာရုံစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကာ အပူဇော်ခံနေရာသို့ ပို့ဆောင်ပြီး ကုသိုလ်တော်မဏ္ဍပ်တွင် နေရာ

ယူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ – ဂါထာ၊ သဗ္ဗီတိယော ဝိဝဇ္ဇန္တု–ဂါထာနှင့် ဘဝတု– သုံးဂါထာတို့ကိုရွတ်ဆို၍ မေတ္တာပြုပူဇော်ကြပြီး ဘုရား ဒါယကာ၊ ဒါယိကာမများက ရတနတ္တယပူဇာဂါထာနှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ထို့နောက် ဆရာတော်ကြီး သုံးပါး၊ ဦးဆောင်ဘုရား ဒါယကာနှင့် ဘုရားဒါယကာများက စေတီတော်အထွတ် ငြမ်းထက်သို့ တက်ရောက်နေရာယူပြီးချိန်တွင် အရံစေတီ တော်လေးဆူနှင့် ကျောက်စာရံစေတီ အဆူ ၇၂၀ တို့အား ရွှေထီးတော်တင်လှူကြမည့် အလှူရှင်ဘုရားဒါယကာ များကလည်း စေတီတော် အထွတ်ငြမ်းထက်သို့ဆက်လက် တက်ရောက်နေရာယူကြသည်။

ယင်းနောက် အခမ်းအနားမှူးက မင်္ဂလာအခါတော် ဟု ကြွေးကြော်လိုက်သည်နှင့် တစ်ပြိုင်တည်း ဦးဆောင် ဘုရားဒါယကာက ရွှေထီးတော်ဘုံအဆင့်များ၊ ရတနာ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို အစဉ် အတိုင်း တင်လှူပူဇော်ပြီး စေတီတော်အထွတ်တွင် သာသနာ့အောင်လံတော်ကို လွှင့်ထူပူဇော်သည်။

ထို့အတူ အလှူရှင်ဘုရားဒါယကာများက အရံစေတီ တော်လေးဆူနှင့် ကျောက်စာရံစေတီတော်များအား ရွှေထီးတော်များ တင်လှူပူဇော်ကြပြီး ရွှေထီးတော်မြတ် များအား ပရိတ်နံ့သာရည်၊ တရော်ကင်ပွန်းရေ၊ ရေစင် ရေသန့်တို့ဖြင့် ပက်ဖျန်းသန့်စင် သွန်းလောင်းပူဇော်ကြ သည်။

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်ပရိသတ်များက မဟာမင်္ဂလာအခမ်း အနားများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်၍ “အောင်ပြီ”ဟု သံပြိုင်ညီညာ သုံးကြိမ်ကြွေးကြော်ကြကာ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာ ကို ဖတ်ကြားပူဇော်သည်။ ထို့နောက် ဥပါသကာများက ဆရာတော်ကြီးများအား အဂ္ဂါမိပတိ သာသနာ့ဗိမာန် တော်ကြီးအတွင်းရှိ သံဃာတော် နားနေဆောင်သို့ ပင့်ဆောင်ကြသည်။

> မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားရာတွင် ရည်ရွယ်ချက်လေးရပ် ထားရှိခဲ့ပြီး နိုင်ငံတော်တွင် ထေရဝါဒ ဗုဒ္ဓဘာသာခိုင်မာစွာ ထွန်းလင်းတောက်ပ နေမှုကို ကမ္ဘာကိုပြသနိုင်ရန်၊ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်အဖြစ် သာသနာတော်ပြန့်ပွားရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက် နိုင်ရန်တို့အပြင် ပြည်သူပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စား သောက်နိုင်ပြီး ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်စေရန် ဗုဒ္ဓမြတ်စွာ၏ အေးမြသည့်မေတ္တာရိပ်အောက်၌ အားလုံး လုံခြုံအေးချမ်းစွာဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရန်အတွက် နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်လည်း ရည်ရွယ် ထို့ပြင် မိမိတို့ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကို အလေးထားသည်နှင့်အညီ ဗုဒ္ဓဘာသာကို အခြေခံပြီး ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်လည်း ရည်ရွယ်တည်ထားခဲ့ခြင်းဖြစ်။

## ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဆည်းပူးခြင်း

ယင်းနောက် အခမ်းအနားအစီအစဉ် တတိယပိုင်း အဖြစ် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဆည်းပူးခြင်း အစီအစဉ်ကို အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး အတွင်း၌ ကျင်းပပြုလုပ်ရာ တက်ရောက်လာသည့် ဧည့် ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်း ကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက် တည်ကြကာ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွား

ချီးမြှင့်တော်မူသည့် မေတ္တာသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားရာတွင် ယနေ့ကျင်းပသည့် မဟာမင်္ဂလာအခမ်းအနားများသို့ ခရီးလမ်းပင်ပန်းမှု စသည်ကို ဥပေက္ခာပြုလျက် မေတ္တာတရားရှေ့ထားကာ ကြွရောက်ချီးမြှင့်တော်မူကြပါသော ပြည်တွင်း၊ ပြည်ပမှ ဆရာတော်ကြီးများအား ကျန်းမာရွှင်လန်းစွာဖြင့် စုံစုံညီညီ ဖူးမြော်ခွင့်ရရှိပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားခွင့် ရရှိသည့်အတွက် ပီတိသောမနဿ ကုသိုလ်စိတ်များ တိုးပွားဖြစ်ပေါ်ရပါသည်ကို ဦးစွာလျှောက်ထားအပ်ပါကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားရာတွင် ရည်ရွယ်ချက်လေးရပ်ထားရှိခဲ့ပြီး နိုင်ငံတော်တွင် ထေရဝါဒဗုဒ္ဓဘာသာခိုင်မာစွာ ထွန်းလင်းတောက်ပနေမှုကို ကမ္ဘာကိုပြသနိုင်ရန်၊ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်အဖြစ် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်တို့အပြင် ပြည်သူပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ပြီး ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်စေရန် ဗုဒ္ဓမြတ်စွာ၏ အေးမြသည့် မေတ္တာရိပ်အောက်၌ အားလုံးလုံခြုံအေးချမ်းစွာဖြင့် သာယာပျော်ရွှင်စွာနေထိုင်နိုင်ရန်အတွက် နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်လည်း ရည်ရွယ်ပါကြောင်း၊ ထို့ပြင် မိမိတို့ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကို အလေးထားသည်နှင့်အညီ ဗုဒ္ဓဘာသာကို အခြေခံပြီး ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်လည်း ရည်ရွယ်တည်ထားခဲ့ခြင်း ဖြစ်ပါကြောင်း။

ဆက်လက်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်ပြီး ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ အလှူရှင်တစ်ဦးက လှူဒါန်းခဲ့သည့် စကျင်ကျောက်တုံးတော်ကြီးကို မိမိဦးဆောင်သည့် တပ်မတော်က ဗုဒ္ဓရုပ်ပွားတော် တည်ထားနိုင်ရန် လွှဲအပ်ပေးခဲ့ပါကြောင်း၊ အဆိုပါ ကျောက်တုံးတော်ကြီးကို ကျွမ်းကျင်ပညာရှင်များနှင့် အသေးစိတ်စစ်ဆေးတွက်ချက်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ရာတွင် ၂၀၁၉ ခုနှစ်၊ မတ်လ၌ အမြင့် ၆၅ ပေရှိ အရည်အသွေး A အဆင့်ရှိသော ကျောက်တုံးတော်ကြီးကို ဖော်ထုတ်ရရှိခဲ့ပါကြောင်း။

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန်အတွက် ကျေးဇူးရှင်ဗန်းမော်ဆရာတော်ကြီး၊ သီတဂူဆရာတော်၊ ရွှေသုဝဏ်ဆရာတော်၊ ပါမောက္ခချုပ် ဆရာတော်စသည့် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခဲ့ပြီး ဘူမိဗေဒသပုံစံ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီဖြစ်ခဲ့သည့်ကာလအတွင်း ယဉ်ကျေးမှုအဆက်ပြတ်သွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကိုရယူရန် ရတနာပုံခေတ်ဟန်နှင့်သာ ထုဆစ်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ကျောက်တုံးတော်ကြီးများကို သယ်ယူရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းက သယ်ယူရန် အခက်အခဲများရှိသည့်အတွက် စကျင်တောင်မှ ဧရာဝတီမြစ်၊ ၎င်းမှ ဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒနှင့်အညီ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူ ပင့်ဆောင်ခြင်းများ ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရပါကြောင်း၊ စကျင်တောင်မှ သယ်ဆောင်နိုင်ရန်အတွက် ဧရာဝတီမြစ်ထဲ ဝင်ရောက်မည့် မြောင်းမြစ်အထိ တူးမြောင်းဖောက်လုပ် သယ်ဆောင်ခဲ့ပါကြောင်း။

ကျောက်တုံးတော်များကို ဧရာဝတီမြစ်ရေပြည့်သည့် အချိန် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၃ ရက်တွင် စတင်ပင့်ခဲ့ပါကြောင်း၊ စုစုပေါင်းအနေဖြင့် ကိုးကြိမ် ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး ရေလမ်းခရီးနှင့် စကျင်ကျောက်တုံးတော်ကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင်မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူပင့်ဆောင်နိုင်ရန် ၂၂ မိုင် ၅ ဖာလုံ အရှည်လမ်းကို အသစ်ဖောက်လုပ်ရုံသာမက ရန်ကုန်–မန္တလေးအမြန်လမ်း စကားအင်းအဝိုင်းမှ ဗုဒ္ဓဥယျာဉ်

တော်အကြား လမ်းလွှဲ ၈၂ နေရာ၊ အရှည် မိုင် ၃၀ ကျော်ကို ပြင်ဆင်ဆောင်ရွက်ပြီးနောက် နေပြည်တော်ကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ပါကြောင်း။

ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးနှင့် စုစုပေါင်း ခုနစ်ခေါက်သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန် ရှိပါကြောင်း၊ အဲဒီလိုကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြုလက်မှတ်ကို ပေးအပ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား ကမ္ဘာတွင် အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုတို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျ လေ့လာအကွက်ချ တွက်ချက်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံ၌လည်း ဩဝါဒခံယူခဲ့ပြီး ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး အလေးထားစဉ်းစားဆောင်ရွက်ခဲ့ပါကြောင်း၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံကို ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း "မာရဝိဇယ"ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ရုပ်ပွားတော်မြတ်ကြီး ထုဆစ်ရာတွင် ဘုရားရှင်တို့၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် အပါး ၈၀ တို့နှင့် ညီညွတ်စွာ ကြည်ညိုသပ္ပာယ်အောင် ထုဆစ်ပူဇော်ရန် ရည်သန်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်အနေအထားကို အနည်းငယ်ပြုံးနေတော်မူဟန်၊ ဖူးမြော်သူများ ကြည်ညိုစဖွယ် ဖူးမြင်နိုင်ရန် ဦးခေါင်းတော်ကို အရှေ့ ၇ ဒသမ ၅ ဒီဂရီ စောင်းပြီး တည်ထားပါကြောင်း၊ ဆင်းတုတော်ကြီးအားထုဆစ်ရာတွင် အပိုင်းလိုက်ခွဲကာ CNC စက်များနှင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများနှင့် ဆောင်ရွက်ထားသည့်နည်းတူ တွဲဆက်ထားသည့် ဆင်းတုတော် အပိုင်းများကို ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပပညာရှင်မပါဘဲ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် တပ်မတော်သား အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါ

ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တန်ချိန် ၂၀၀၀၀ ထိ ခံနိုင်သည့် အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်း တိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေး တို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီး များကို တွဲဆက်ခြင်းများဆောင်ရွက်ရာတွင် လည်း သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီ နည်းလမ်းများ ပေါင်းစပ်တည်ဆောက်ခဲ့ရာ ဉာဏ်တော် ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ဆောင်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပုံခေတ်ဟန်အတိုင်း ခေတ်မီနည်း စနစ်ဖြင့်ပေါင်းစပ်ကာ ကြည်ညိုစဖွယ် သပ္ပာယ်လှသည့် ကမ္ဘာ့အကြီးဆုံး ရုပ်ပွားတော်မြတ်ကြီးအဖြစ် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့ပြီဖြစ်။

ကြောင်း၊ အဆိုပါ ပင့်ထောင်ခြင်းလုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို အမှားအယွင်းမရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဆင်းတုတော် အပိုင်း (၁၊ ၂၊ ၃) တို့ကို ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်ကို အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ပထမအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တန်ချိန် ၂၀၀၀၀ ထိ ခံနိုင်သည့် အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်း တိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိမြေလျှင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက်တည်ဆောက်ခဲ့ပါကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများဆောင်ရွက်ရာတွင်လည်း သမားရိုးကျ နည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ခဲ့ရာ ဉာဏ်တော် ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ဆောင်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပုံခေတ်ဟန်အတိုင်း ခေတ်မီနည်းစနစ်ဖြင့် ပေါင်းစပ်ကာ ကြည်ညိုစဖွယ် သပ္ပာယ်လှသည့် ကမ္ဘာ့အကြီးဆုံးရုပ်ပွားတော်မြတ်ကြီးအဖြစ် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့ပြီ ဖြစ်သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ လျှောက်ထားအပ်ပါကြောင်း၊ ကျောက်တုံးတော်ကြီး စတင်တူးဖော်ချိန်မှ ယနေ့အထိ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရာမှာ ပါဝင်သူတစ်ဦးတစ်ယောက်မျှ ကြီးမားသည့် ထိခိုက်ဒဏ်ရာရမှုများ မရှိခဲ့ပါကြောင်း။

ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ကို စကျင်ကျောက်ခင်းရုံသာမက မန္တလေးမြို့ အတုမရှိကျောင်းတော်ကြီးပုံစံအတိုင်း မြတ်စွာဘုရားဟောကြားသည့် တရားတော်များအနက် အကြီးမြတ်ဆုံးဖြစ်တော်မူသော ပဋ္ဌာန်းမြတ်ဒေသနာ ၂၄ ပစ္စည်းကို ရည်စူးလျက် ဂန္ဓကုဋီတိုက်များကိုလည်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာ ပြည်သူများအနေဖြင့် နေပူပြင်းသည့်အချိန်များတွင် ဂန္ဓကုဋီတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ ရင်ပြင်တော်တွင် တံခွန်တိုင်နှင့် သဒ္ဒါခိပတိ ခေါင်းလောင်းတော်တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီး မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ် တက်ရောက်နိုင်ရန် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပါကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကာ ရုပ်ပွားတော်ကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လုမ္ဗိနီအင်ကြင်းတောနှင့် ရုပ်ပွားတော်ကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးထားရှိပါကြောင်း။

“ဓမ္မဝိနယဟူသော ပိဋကတ်သုံးဖြာသည် ဘုရားရှင်ပမာ အားလုံးတို့၏ ဆရာအဖြစ် တည်ရှိနေ၏” ဟူသော ဆရာတော်များထံမှ နာယူရသည့် ဒေသနာတော်ကို ဦးထိပ်ပန်ဆင်ပြီး ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ တရားတော်များကို ကျောက်ထက်အက္ခရာတင်လှူရန် စီမံခဲ့ရာတွင် ရုပ်ပွားတော်မြတ်ကြီး ရှေ့မျက်နှာတော်မူရာတည့်တည့်တွင် ကျောက်စာရုံစေတီများ တည်ဆောက်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ စကျင်ကျောက်ချပ်များပေါ်တွင် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထားဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ကျောက်စာရုံ စေတီတော်များကို မန္တလေးမြို့မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံများပုံစံယူ၍ ကျောက်စာရုံ စေတီ ၇၂၀ နှင့် မော်ကွန်းကျောက်စာ စေတီတော်တစ်ဆူတို့ကို တည်ဆောက်ခဲ့ပါကြောင်း၊ နှစ်ဘာသာဖြင့်

ရေးထွင်းပူဇော်ခြင်းဖြစ်၍ ကျောက်စာချပ်ရေ ၁၄၄၀ ရှိပါကြောင်း၊ ကျောက်စာများ ရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)နှင့် သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ ဦးဆောင်မှုဖြင့် ဆရာတော်ကြီးများက နေ့စဉ်တည်းဖြတ်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျောက်စာရုံစေတီတော်များ တည်ဆောက်ရာတွင် မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပြီး ကျောက်စာချပ်များအားလုံး အချိန်မီရေးထိုးပြီးစီးနိုင်ရန် CNC စက်များဖြင့် ရေးထိုးဆောင်ရွက်ခဲ့ပြီး အမှားအယွင်းမရှိစေရေးအတွက်လည်း အကြိမ်ကြိမ် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ခဲ့ပါကြောင်း၊ မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် နှုတ်ကပါဠ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်ရုံမျှမက ကျမ်းစာအဖြစ်လည်း ရိုက်နှိပ်ပြီး ကမ္ဘာပေါ် ရှိဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည် ဖြစ်ပါကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုစောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများရှိရန် လိုအပ်သည့်အတွက် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ပြီး ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့်ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင် ကျမ်းဂန်တော်များနှင့်အညီ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကို ပြည့်စုံစွာတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

တပည့်တော် ဆက်လက်လျှောက်ထားလိုသည်မှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အခြံအရံကုသိုလ်တော်အဖြစ် သာသနာ့ဗိမာန်တော်ကြီးကို နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူများက တည်ဆောက်လှူဒါန်းပူဇော်ထားခြင်း ဖြစ်ပါကြောင်း၊ ဆဋ္ဌသင်္ဂါယနာတင်သည့်အချိန်ကာလတွင် ယခင်ဝန်ကြီးချုပ်ဟောင်း ဦးနု ဦးဆောင်သော ပြည်သူများက စုပေါင်းတည်ဆောက်လှူဒါန်းခဲ့သည့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးကို နမူနာယူ၍ ခေတ်မီဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ အဋ္ဌဂံမိပတိသာသနာ့ဗိမာန်တော်ကြီးသည် ဝိသုံဂါမသိမ်တော်ကြီးလည်းဖြစ်ပြီး သံဃာအပါး ၉၀၀၀၊ လူပုဂ္ဂိုလ် ၁၂၀၀ ဝင်ဆံ့၍ နိုင်ငံတော်အဆင့် သာသနာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပနိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း၊ ထို့မျှမက ၂၅၅ ကေ ကျယ်ဝန်းသည့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း၌ ရေပန်းရင်ပြင်၊ ရတနာပုံခေတ် သုဓမ္မာဇရပ် ခြောက်ဆောင်၊ မော်ကွန်းပြတိုက်၊ ဂေါပကရုံးအဆောက်အအုံ၊ မဟာဗောဓိပင်နှင့် ဂြိုဟ်ပြေနံ့ပြေဘုရားများ၊ မန္တလေးရတနာပုံ နန်းမြို့ အဝင် မင်္ဂလာတံတားနှင့် ပုံစံတူတံတား၊ အဝင်မုခ်ဦးနှစ်ဆောင်၊ ဗုဒ္ဓဥယျာဉ်တော်မဟာရံ တံတိုင်း၊ ရုပ်ပွားတော်တက်မင်္ဂလာမုခ်ဦးကြီး လေးစင်း၊ ရွှေလျှား စက်လှေကား တစ်စင်း၊ ယာဉ်ရပ်နားကွင်းနှင့် ၄၂ မီတာ အမြင့်ရှိသော မိုးကြိုးလွှဲတိုင် နှစ်တိုင်အစရှိသော သာသနိကအဆောက်အအုံမျိုးစုံတို့ကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အခြံအရံ မဟာဒါနပါရမီ ကုသိုလ်တော်များအဖြစ် ကမ္ဘာတည်သရွေ့ ဗုဒ္ဓဘာသာ သာသနာတော်ကြီးသည်လည်း ထွန်းလင်းတောက်ပတည်တံ့ခိုင်မြဲစေရန်ရည်သန်၍ မိမိဦးဆောင်သော အများပြည်သူများ စုပေါင်းပြီး လှူဒါန်းပူဇော်ကြပါကြောင်း ဝမ်းမြောက်ဖွယ်စကား လျှောက်ထားအပ်ပါကြောင်း။

ကြွရောက် ချီးမြှောက်တော်မူကြပါသော ပြည်တွင်း၊ ပြည်ပမှ ဆရာတော်ကြီးများအားလုံး သက်ရှည်ကျန်းမာစွာဖြင့် ခုရနှစ်ဖြာသာသနာကို ဆက်လက်ကြိုးပမ်းဆောင်ရွက်တော်မူနိုင်ကြပါစေကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့်အတူ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ကြာစွာ တည်တံ့ဝေစည်နိုင်ပါစေကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ဖြဟ္မစိုရ်တရားများ လက်ကိုင်ကျင့်သုံး၍ အစဉ်ထာဝရ ချမ်းမြေ့သာယာ ရှိကြပါစေကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးရန်အန္တရာယ်ကင်းရှင်း၍ လျင်မြန်စွာ အေးချမ်းသာယာတိုးတက်အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း မိမိ၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း လျှောက်ထားတင်ပြသည်။

■ ■ ■

# အသစ်ဖွဲ့စည်းထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၇ - ၈ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အသစ်ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား ဩဂုတ်လ(၈)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်အဲ့နန်းဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘာရှော်၊ ခွန်စံလွင်၊ ဦးရွှေကြိမ်နှင့် ဦးရန်ကျော်တို့ တက်ရောက်ကြသည်။

**စစ်ဘက်၊ အရပ်ဘက်မျှတစွာ တာဝန်ခွဲဝေပေးအပ်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အသစ်ထပ်မံဖွဲ့စည်းခဲ့သည့် ကောင်စီဝင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ယာယီသမ္မတ၏ တာဝန်ပေးအပ်မှုအရ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အကြီးအကဲများကို တာဝန်ပေးအပ်ရာတွင် ဝန်ကြီးဌာနအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသူများ၊ အတွေ့အကြုံရှိပြီးသူများနှင့် ဒေသနှင့်ကိုက်ညီသူများကို စိစစ်ရွေးချယ်၍ စစ်ဘက်၊ အရပ်ဘက်မျှတစွာ တာဝန်ခွဲဝေပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

ယခင်အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ

ဖြေရှင်းဆောင်ရွက်ခြင်း မရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်မှ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး အတွက် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ လွှတ်တော်ကို ဖျက်သိမ်းပြီးနောက် ၎င်းတို့ အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်းမရှိဘဲ တရားမဝင်အဖွဲ့များဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များကို ဖွဲ့စည်းကာ လက်နက်ကိုင်အကြမ်းဖက် လမ်းစဉ်များကို ရွေးချယ်ခဲ့ကြကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် EAO အဖွဲ့အချို့၏ ကူညီအားပေးမှုနှင့် အထောက်အပံ့များကို ရယူ၍ လက်နက်ကိုင်အကြမ်းဖက်မှုများကို လုပ်ဆောင်ခဲ့ကြ ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိစေရေး ယခင်ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယင်းတို့ကို NCA အပေါ်တွင် အခြေခံ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အချို့သော EAO အဖွဲ့များအနေဖြင့် NCA သဘောတူညီချက်များကို လိုက်နာခြင်းမရှိဘဲ အကြမ်း ဖက်လုပ်ရပ်များ၌ ပါဝင်ဆောင်ရွက်ခြင်းကြောင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ် များ ပိုမိုဆိုးရွားလာခဲ့ကြောင်း၊ ထိုကဲ့သို့သော အကြမ်းဖက် လုပ်ရပ်များကြောင့် အချို့သောဒေသများတွင် တည်ငြိမ် အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင် ဆက်လက်ဆောင်ရွက်ပြီး ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွား ရမည်ဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက် စေလျက်ရှိသည့်အပြင် ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေးများ များစွာဆုံးရှုံး ထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ထို့ပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက် ရှိသကဲ့သို့ တိုင်းပြည်၏ အနာဂတ်အတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို မဖြစ် မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက် သွားရမည်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကမ ရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း

မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့်
ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှသာ
မိမိတို့၏ အမျိုးသားယဉ်ကျေးမှု
စရိုက်လက္ခဏာများကို ထိန်းသိမ်းနိုင်မည်ဖြစ်၊
ဒီမိုကရေစီစနစ်တွင် ပါတီများအနေဖြင့်
အယူအဆများနှင့် သဘောတရားများ
တူညီမှုမရှိနိုင်ဘဲ သဘောထားကွဲလွဲမှုများ
လည်းရှိနိုင်၊ တိုင်းရင်းသားလူမျိုးစု
အလိုက်လည်း မတူညီသည့်လက္ခဏာများရှိ၊
ထို့ကြောင့် လူပုဂ္ဂိုလ်နှင့် လူမျိုးကိုအခြေခံ
ဆောင်ရွက်၍ ရမည်မဟုတ်ဘဲ
ဒေသနှင့်အများ၏ သဘောဆန္ဒအတိုင်း
ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့
လူအနည်းစု၏ သဘောထားကိုလည်း
အလေးထားရန်လို၊ သို့မှသာ ဒီမိုကရေစီနှင့်
ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စု၊
စစ်မှန်စည်းကမ်းပြည့်ဝသည့်
ပါတီစုံဒီမိုကရေစီစနစ်ကို
အကောင်အထည်ဖော်နိုင်မည်ဖြစ်။

တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ တစ်ခုဖြစ်ကြောင်း၊ လက်ရှိကမ္ဘာပေါ်တွင် စားရေရိက္ခာ လုံခြုံရေး Food Security သည် အမှန်တကယ် လိုအပ် ချက်ရှိနေသည့် အချက်တစ်ခုဖြစ်ပြီး မိမိတို့ နိုင်ငံအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် အခြေအနေများစွာ ရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး MSME ကုန်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းပညာများ အသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း၊ လယ်စိုက်ပျိုးမြေများတွင် တစ်သီးသာစိုက်ပျိုးသည့် မြေ ဧက သုံးသန်းကျော်ရှိကြောင်း၊ ယင်းနေရာများ၌ ဆီထွက် သီးနှံအပါအဝင် သီးနှံတစ်မျိုးမျိုးကို စိုက်ပျိုးမည်ဆိုပါက ပြည်တွင်းအတွက်လိုအပ်သည့် အခြေခံသွင်းကုန်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပ သို့လည်း ပို့ကုန်များ ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အမှန် တကယ်လိုအပ်သည်မှာ **စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရေး နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးရန် လို**ကြောင်း၊ မိမိတို့အစိုးရ အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက် လာစေရေး ဘက်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား၍ စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက် ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ အခြေခံဥပဒေ၌ တူညီသည့်အခွင့်အရေးများ ပေးထားပြီး ဖြစ်သကဲ့သို့ မိမိတို့အနေဖြင့်လည်း တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ထို့ပြင် တိုင်းရင်းသားဒေသများ တည်ငြိမ် အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် NCA ပါ သဘောတူညီချက်များအတိုင်း အလေးထားဆောင်ရွက် လျက်ရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများကလည်း အလေးထားလိုက်နာဆောင်ရွက် သွားရန်လိုကြောင်း၊ ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှေးရိုးစွဲကျသည့် အတွေးအခေါ်၊ အယူအဆ များဖြင့် စဉ်းစားဆောင်ရွက်နေရုံဖြင့်မရဘဲ လက်ရှိနိုင်ငံ၏ ပကတိအခြေအနေများနှင့်ကိုက်ညီစွာ စဉ်းစားဆောင်ရွက် ကြရန်လိုကြောင်း၊ အလားတူပြင်ပမှ သွေးထိုးလှုံ့ဆော်မှု များကြောင့် NCA ကို မထိခိုက်စေရန်လည်း အထူးသတိပြု ဆောင်ရွက်ရန်လိုကြောင်း၊ သမာသမတ်ကျသည့် ငြိမ်းချမ်း ရေးတွေ့ဆုံဆွေးနွေးမှုများကို အလေးထားဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအနေ ဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း အားလုံး က လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

**ပညာရည်မြင့်မားအောင် ဆောင်ရွက်ပေးရမည်**

ခေတ်မီတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များ ပေါကြွယ်ဝကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပညာ ရည်မြင့်မားမှုသာ ပိုင်းခြားဝေဖန် လုပ်ကိုင်နိုင်သည့် အတွေးအခေါ်များ ရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပညာရည်မြင့်မားအောင် ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်လူငယ်များကို မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက် လက္ခဏာကိုထိန်းသိမ်းတတ်စေရန်နှင့် တိုးတက်ပြောင်းလဲ နေသည့် ခေတ်နှင့်ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်ပေး ရန်လိုကြောင်း၊ ထိုကဲ့သို့ အနာဂတ်လူငယ်များအား လမ်းကြောင်းမှန်ပေါ်သို့ ရောက်အောင် တည့်မတ် ထိန်းကျောင်းပေးနိုင်မှသာလျှင် တိုင်းပြည်၏အနာဂတ် တည်ဆောက်ရေးလုပ်ငန်းများအတွက် အားကိုးအားထား ရသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာနိုင်မည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မှသာ မိမိတို့၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပါတီများအနေဖြင့် အယူအဆများနှင့် သဘောတရားများ တူညီမှုမရှိနိုင်ဘဲ သဘောထားကွဲလွဲ မှုများလည်း ရှိနိုင်ကြောင်း၊ တိုင်းရင်းသား လူမျိုးစု

အလိုက်လည်း မတူညီသည့်လက္ခဏာများရှိကြောင်း၊ ထို့ကြောင့် လူပုဂ္ဂိုလ်နှင့် လူမျိုးကိုအခြေခံ ဆောင်ရွက်၍ ရမည်မဟုတ်ဘဲ ဒေသနှင့်အများ၏ သဘောဆန္ဒအတိုင်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လူအနည်းစု၏ သဘောထားကိုလည်း အလေးထားရန်လိုကြောင်း၊ သို့မှသာ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စု၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးမည်ဖြစ်သည့် အတွက် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြား အလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း၊ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိ နိုင်ရေးဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ မဲဆန္ဒရှင်စာရင်းများ ကောက်ယူရာတွင် မှန်ကန်မှုရှိရေး၊ ပြည့်စုံရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် တစ်နိုင်ငံလုံးရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေး တာဝန်ရှိသူများအားလုံးက ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ပွဲဟူသည် ရာနှုန်းပြည့်ကျင်းပအောင်မြင်ရန် ခက်ခဲသော်လည်း ပြည်သူတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး မိမိတို့က စွမ်းအားရှိသမျှ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စည်းစနစ် ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေ ရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး တာဝန်ထမ်းဆောင်ခဲ့သည့် ပထမ နှစ်နှစ်တာကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နောက်ထပ် သက်တမ်းတိုးယူခဲ့သည့် ခြောက်လတာ ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများချမှတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ယခုထပ်တိုးကာလများ၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

**နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအပေါ် နှောင့်ယှက်မှုများ ရှိနေမည် ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းစဉ်များကို နှောင့်နှေး ကြန့်ကြာစေမည်ဖြစ်**ကြောင်း၊ ထိုသို့ နှောင့်နှေးစေခြင်း သည် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ပြန်လည်ဖော်ဆောင်ရေး အတွက် လုပ်ဆောင်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် နှောင့်နှေးစေကြောင်း၊ ထိုကဲ့သို့နှောင့်နှေးအောင် လုပ်ဆောင် နေသူများသည် ပြည်သူ့ဆန္ဒကို ဆန့်ကျင်နေသူ၊ ပြည်သူကို ထိခိုက်စေသူများဖြစ်ကြောင်း၊ ထို့ကြောင့် **အကြမ်းဖက် ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ် အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူ လူထုတစ်ရပ်လုံးမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် သွားကြရန် တိုက်တွန်းပြောကြားလို**ကြောင်း၊ မိမိတို့ ဆက်လက်တာဝန်ထမ်းဆောင်မည့် ကာလအတွင်း နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ကောင်စီဝင်များ၏ ပူးပေါင်း ဆောင်ရွက်မှုအားဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက် နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကောင်စီဝင်များအားလုံး ကလည်း မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၈ - ၈ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအား ဩဂုတ်လ(၈)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ အခြေအနေအရ သက်တမ်းထပ်မံတိုးမြှင့်သည့်ကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သည်များကို မှာကြားလိုခြင်းကြောင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ အသစ်ထပ်မံချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ အစိုးရ၏တာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်သည့် မည်သည့်အစိုးရမဆို နိုင်ငံကောင်းအောင် ဆောင်ရွက်ရမည့်တာဝန်ရှိကြောင်း။

**နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်**

မိမိတို့အစိုးရ၏ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်

ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ပင်ဖြစ်ပြီး တိုင်းပြည်သာယာဝပြောရေး၌ ပြည်သူပြည်သားများအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်၊ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြပြီး မိမိတို့ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်များ ကိုယ်စီရှိကြကာ အေးချမ်းလုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက်လိုကြကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ စားရေရိက္ခာသည် လူတိုင်းအတွက်လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားရေရိက္ခာလုံခြုံရေး(Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စားရေရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်းလမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆက်သွယ်မှုကွန်ရက်များလည်း ကောင်းမွန်ရန်လိုအပ်သဖြင့် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သည့် ဆက်သွယ်မှုကွန်ရက်များကို တည်ဆောက်ရန်လိုကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်နေရေး အလေးပေးဆောင်ရွက်ပေးရန်လိုကြောင်း။

တိုင်းပြည်တစ်ခုတိုးတက်ခြင်း၏ အခြေခံမှာ ပညာတတ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကောင်းမွန်နေရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် နည်းပါးလျက်ရှိသဖြင့် ပြည်သူပြည်သားတိုင်း ကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုရှိရန် လိုသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း။

နိုင်ငံတစ်ခုတွင် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များရှိနေသေးပြီး ယခုအချိန်အထိ နိုင်ငံလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကိုပင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်ခန့်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းကြီးများမှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ မိမိတို့အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိသဖြင့် လတ်တလောဆောင်ရွက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် လေအားဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ စပါးခွံသုံးဓာတ်ငွေ့လောင်စာအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားရေရိက္ခာဖူလုံမှုရှိစေရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး၊ ပညာရည်မြင့်မားစေရေး၊ သက်ရှည်ကျန်းမာမှုရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိစေရေးတို့ကို မိမိတို့အစိုးရအနေဖြင့် အဓိကဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်သည်ကို ဦးစွာပြောကြားလိုကြောင်း။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အသစ်ထပ်မံချမှတ်ထားသည့် ဦးတည်ချက် ၉ ရပ်ကို ရှင်းလင်းပြောကြားလိုကြောင်း၊ နိုင်ငံရေးရည်မှန်းချက် ပထမအချက်ကို **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး"** ဟုချမှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာအကောင်အထည်ဖော်

ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ သို့သော် ပါတီစုံ ဒီမိုကရေစီစနစ်သည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ရန်လိုကြောင်း၊ အဆိုပါစနစ်ကို ကျင့်သုံးရာတွင် အစိုးရတစ်ရပ်(သို့မဟုတ်) နိုင်ငံကို ဦးဆောင်သည့် သမ္မတ၊ ဝန်ကြီးချုပ်တို့က ဦးဆောင် အကောင်အထည်ဖော်ရခြင်းပင်ဖြစ်ကြောင်း၊ "စစ်မှန် စည်းကမ်းပြည့်ဝသည့်" ဟူသည့် စကားရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ထည့်သွင်းထားရခြင်းမှာ ဒီမိုကရေစီ စနစ်ကိုစည်းကမ်းပြည့်ဝစွာဖြင့် အသုံးပြုနိုင်ရန်ဖြစ်ကြောင်း၊ ယခင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို စည်းကမ်းမဲ့စွာဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံအတွက် အမည်းစက်တစ်ခုကို ဖြစ်ပေါ်စေခဲ့ပြီး မိမိတို့အတွက် သင်ခန်းစာတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

**ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရာတွင် လူမျိုးကို အခြေခံ၍ မရဘဲ ဒေသကို အခြေခံ၍ ဆောင်ရွက်ရမည်**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ မိမိ အနေဖြင့် မကြာခဏ ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဒီမို ကရေစီဆိုသည်မှာ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ် စနစ်ဆိုသည်မှာ ဖက်ဒရယ်လုပ်ပိုင်ခွင့်များကို ပေါင်းစပ် ထားသည့်ပြည်ထောင်စုပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် တိုင်းရင်းသားများအားလုံး စုစည်းနေထိုင်ကြကြောင်း၊ ထို့ကြောင့် ဒေသအလိုက် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြခြင်းဖြစ်သဖြင့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရာတွင် လူမျိုးကို အခြေခံ၍ မရဘဲ ဒေသကို အခြေခံ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဖက်ဒရယ်အခွင့်အရေးနှင့် ပတ်သက်၍ ပေးထားပြီးဖြစ်သည်ကို လေ့လာကြည့်ပါက သိရှိနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြည်သူ့ဆန္ဒနှင့်အညီ ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်သဖြင့် ပြည်သူအများဆန္ဒနှင့် ကိုက်ညီမည်ဆိုပါက ပြုပြင်သင့်သည့် အချက်များကို ပြုပြင်ရန်အတွက် တပ်မတော်အနေဖြင့် သဘောတူညီ ထားပြီးဖြစ်ကြောင်း၊ သို့သော် နိုင်ငံအတွက်အရေးကြီးသည့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်လိုပြီး ဒီမိုကရေစီ အုပ်ချုပ်ရေးနှင့် ဖက်ဒရယ်လုပ်ပိုင်ခွင့်များကို ညီညွတ် မျှတစွာဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ရန်အတွက် အဓိကအားဖြင့် ဆူးပြောင့်ခလုတ်ဖြစ်နေသည်မှာ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ လက်ရှိနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီစွာ စဉ်းစားဆောင်ရွက်၍ အရှည်မျှော်တွေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံကောင်းအောင် ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည်သာ ခိုင်မာမှုရှိသဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံကောင်းအောင်

> **တိုင်းပြည်သာယာဝပြောရေး၌ ပြည်သူပြည်သားများအားလုံး အေးအေး ချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက် နိုင်ရမည်၊ ပညာသင်ကြားနိုင်ရမည်ဖြစ်၊ လူတိုင်းသည် အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်လိုကြပြီး မိမိတို့ဘဝ တိုးတက်ရေးအတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်များ ကိုယ်စီရှိကြကာ အေးချမ်းလုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက်လိုကြ၊ ထို့ကြောင့် တည်ငြိမ် အေးချမ်းမှုကို ဆောင်ရွက်ပေးရန်လို၊ စားရေရိက္ခာသည် လူတိုင်းအတွက်လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားရေရိက္ခာ လုံခြုံရေး(Food Security)မှာ အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေ၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စားရေရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါ်များရေးကို အလေးထား ဆောင်ရွက်လျက်ရှိ။**

ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့် ဖြစ်နိုင်သည်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ NCA မှာ ပြည့်စုံမှုမရှိသေးသော်လည်း တိုင်းရင်းသားများ၏ တောင်းဆိုချက်များကို သဘောတူညီချက်စာချုပ်အဖြစ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကတိကဝတ်ပေးထားသည့် အကြောင်းအရာများဖြစ်ကြောင်း၊ အဆိုပါစာချုပ်ကို နိုင်ငံတကာမှ အသိသက်သေများ မျက်မှောက်တွင် လက်မှတ်ရေးထိုးထားခြင်းဖြစ်သဖြင့် မျက်ကွယ်ပြု၍ ဆောင်ရွက်ခြင်းမပြုရန်လိုကြောင်း၊ မိမိတို့အနေဖြင့် NCA အပေါ်တွင် အလေးထား၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ NCA သဘောတူညီချက်အတိုင်း အလေးထားလုပ်ဆောင်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဦးတည်ချက် ဒုတိယအချက်ကို **"တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူ စာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"** ဟု ချမှတ်ထားခြင်းဖြစ်ကြောင်း။

နိုင်ငံရေးဦးတည်ချက် တတိယအချက်အနေဖြင့် **"ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး"** ဟူ၍ ချမှတ်ထားကြောင်း၊ တရားဥပဒေစိုးမိုးရေးဆိုရာတွင် အဆင့်အဆင့်သော အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးကိုထိန်းသိမ်းပေးသည့် တရားရေးမဏ္ဍိုင်တို့ ပါဝင်ကြောင်း၊ ဥပဒေဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ဥပဒေဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ကြရကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်တို့သည် အဓိကအရေးကြီးကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကဆောင်ရွက်နေရသူများသည် စွမ်းရည်ရှိသည့် ပုဂ္ဂိုလ်များဖြစ်ရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အားနည်းချက်များသည် အစိုးရတစ်ရပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိခိုက်စေနိုင်သဖြင့် ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း။

စီးပွားရေးဦးတည်ချက်ပထမအချက်ကို **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး"** ဟူ၍ ချမှတ်ထားကြောင်း၊ အဓိကလိုအပ်သည်မှာ စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ ပြည်သူအားလုံးအတွက် အကျိုးဝင်သည့် လုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇ဝ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး အများစုမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နည်းစနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ရန်လိုပြီး စိုက်ပျိုးမြေအားလုံးကိုလည်း အပြည့်အဝအကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် မြေသယံဇာတများနှင့် စိုက်ပျိုးရေရရှိရေးအတွက်လည်း မြစ်ချောင်းအင်းအိုင်များစွာကို ပိုင်ဆိုင်ထားပြီးဖြစ်သည့်အတွက် စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးနိုင်ရုံဖြင့် ကျေနပ်နေ၍ မရဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရအနေဖြင့်လည်း စိုက်ပျိုးမြေများကို အပြည့်အဝ ထိထိရောက်ရောက်အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့်သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

**နေ့စဉ်သားငါးနှင့် ဥအမျိုးမျိုးစားသုံးမှု လိုအပ်ချက်ကို ဖူလုံပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လို**

မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံ၏

နေ့စဉ် သားငါးနှင့် ဥအမျိုးမျိုး စားသုံးမှုလိုအပ်ချက်ကို ဖူလုံပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်နိုင်ရေးနှင့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများသည် မဖြစ်မနေ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ရေထွက်ကုန်များကို ထုတ်လုပ်ရာတွင် မွေးမြူထုတ်လုပ်ခြင်းထက် သဘာဝရေပြင်များမှ ဖမ်းဆီးထုတ်လုပ်မှု ပမာဏ ပိုမိုများပြားနေသည်ကို တွေ့ရှိရသဖြင့် မွေးမြူထုတ်လုပ်ခြင်းကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းမှတစ်ဆင့် အခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီးပွားရေးဦးတည်ချက် ဒုတိယအချက်ကို **“တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး”** ဟူ၍ ချမှတ်ထားကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ လိုအပ်သည့် အခြေခံစားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌အလုံအလောက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်နှင့် အထည်အလိပ်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ရော်ဘာအခြေခံသည့် ထုတ်ကုန်ပစ္စည်းလိုအပ်ချက်များကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ နွားမွေးမြူရေးလုပ်ငန်းများ၊ ဝါနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ပြည်ပသို့ကုန်ကြမ်းတင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်ပမာဏကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ် ကြောင်း။

စီးပွားရေးဦးတည်ချက် တတိယအချက်ကို **“ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး”** ဟုချမှတ်ထားကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများကိုအားပေးပြီး ပြည်တွင်းစားသုံးဆီ ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာများကိုပင် ပန်းတိုင်ထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်ပါက စားသုံးဆီဖူလုံ၊ ပိုလျှံမှုရှိနိုင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်၌ ပြည်တွင်းစားသုံးဆီဖူလုံသည့်အပြင် ပြင်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို လျာထားဧကပြည့်မီအောင် ဆောင်ရွက်နိုင်ရေးနှင့် အထွက်နှုန်းပြည့်မီရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် အခက်အခဲ၊ အကျပ်အတည်းများစွာကို စုစည်းညီညွတ်သည့်အားဖြင့် ကျော်လွှားနိုင်ခဲ့ပြီးဖြစ်၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ၊ နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေဆဲဖြစ်၊ မိမိတို့နိုင်ငံ၌ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မည်သည့် အခက်အခဲ၊ အကျပ်အတည်းကိုမဆို ကျော်လွှားနိုင်မည်ဖြစ်။**

**တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များ ပေါ်ကြွယ်ဝရန်လို**

လူမှုရေးဦးတည်ချက် ပထမအချက်အနေဖြင့် **"တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"** ဟူ၍ ချမှတ်ထားကြောင်း၊ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များပေါ်ကြွယ်ဝရန်လိုကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် အခြေခံပညာအထက်တန်းကျောင်းများ၌ ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်များအပြင် စိုက်ပျိုး၊ မွေးမြူရေး၊ စက်မှုပညာရပ်များကို တွဲဖက်သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာ၊ ဒီပလိုမာသင်တန်းများမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များသို့ အဆင့်ဆင့် တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဘက်စုံပညာရေးစနစ်ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုရေးဦးတည်ချက် ဒုတိယအချက်အနေဖြင့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဟူ၍ ချမှတ်ထားပါကြောင်း၊ လူတိုင်းသည် အသက်ရှည်ပြီး ကျန်းမာလိုသည့် ဆန္ဒရှိကြပါကြောင်း၊ ကျန်းမာမှ ပညာသင်ကြားခြင်း၊ အလုပ်လုပ်ကိုင်ခြင်း ကိစ္စရပ်များအပြင် လူမှုရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူတိုင်းကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ကလေးသူငယ်မှအစ သက်ကြီးရွယ်အိုများအထိ ကျန်းမာရေးကောင်းမွန်အောင် လုပ်ဆောင်ပေးရန်နှင့် ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုများဆောင်ရွက်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ အားကစားသည် တိုင်းပြည်၏ စွမ်းပကားဖြစ်သည့်အပြင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆင့်မီ အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ပေးခဲ့ပါကြောင်း၊ ဘဏ္ဍာငွေအပေါ် မူတည်၍ ခရိုင်အဆင့်မှ အဓိကကျသည့် မြို့နယ်အဆင့်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးသွားရန် လျာထားပါကြောင်း၊ မြန်မာ့အားကစားကဏ္ဍတွင် ဘက်ပေါင်းစုံ လိုအပ်ချက်ရှိနေသဖြင့် အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်ဆည်းသွားရန်လည်းလိုကြောင်း၊ မိမိအနေဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် အားကစားကွင်း၊ အားကစားရုံများနှင့် နည်းပြများကို ဦးစွာဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးရန်လို**

လူမှုရေးဦးတည်ချက် တတိယအချက်အနေဖြင့် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူ၍ ချမှတ်ထားကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တာဝန်ကိုထမ်းဆောင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ ဟူသည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပညာတတ်သူနည်းပါးပြီး ပညာရေးကဏ္ဍ နိမ့်ကျခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဆိုပါက နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူငယ်များကိုအခြေခံသည့် အနာဂတ်ကိုဖန်တီးပေးရန်နှင့် ပညာရေးကဏ္ဍတိုးတက်မြင့်မားအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် မိမိတို့ရည်မှန်းထားသည့် အနိမ့်ဆုံးအဆင့် KG+9 အဆင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင် ပညာရေးဝန်ထမ်းလိုအပ်ချက်ပြည့်မီရေး၊ ထိုက်သင့်သည့် ရာထူးနေရာများ ရရှိရေးနှင့် လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက်လည်း ဖန်တီးပေးရန်လိုကြောင်း၊ သို့မှသာ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်

လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ သမာသမတ်ရှိရှိ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေးထုတ်ရာတွင် ဆရာ၊ ဆရာမများသည် အဓိကတာဝန်ရှိကြောင်း၊ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုကောင်းမွန်မှသာ အနာဂတ်တွင် နိုင်ငံတော်မှအားကိုးအားထားရသည့် အရည်အချင်းပြည့်ဝသော လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

**ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် ဝန်ထမ်းများဖြစ်ရန်လို**

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ များပြားပါကြောင်း၊ လက်ရှိအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဦးဆောင်ကွပ်ကဲရသည့် ဌာနများအလိုက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ထိန်းကျောင်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိကိုယ်တိုင် အရည်အချင်းရှိပြီး စည်းကမ်းကောင်းမွန်ရန်လိုသကဲ့သို့ မိမိကွပ်ကဲရသည့် အဖွဲ့အစည်းကိုလည်း စည်းကမ်းစနစ်တကျရှိစေရေး ကွပ်ကဲနိုင်မှုအပြည့်အဝရှိရန်လိုကြောင်း၊ အစိုးရဌာနများသည် ပြည်သူကို အလုပ်အကျွေးပြုရသည့် ဌာနများဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့်လည်း ကောင်းမွန်သည့် စီမံခန့်ခွဲမှုရှိသည့်၊ လုပ်ငန်းတာဝန်ကျေပွန်သည့်၊ ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် ဝန်ထမ်းများဖြစ်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် အခက်အခဲ၊ အကျပ်အတည်းများစွာကို စုစည်းညီညွတ်သည့်အားဖြင့် ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ၊ နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက မည်သည့်အခက်အခဲ၊ အကျပ်အတည်းကိုမဆို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထက်တွင်ပြောကြားခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်ဆိုသည်ထက် နိုင်ငံ၏အကျိုးစီးပွားအတွက်သာ မိမိတို့၏တာဝန်များကို ကျေပွန်စွာဖြင့် အလုပ်လုပ်ကြရန် တိုက်တွန်းပြောကြားသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

## ( ၉ - ၈ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား ဩဂုတ်လ(၉) ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ အခြေအနေအရ ထပ်မံသက်တမ်းတိုးမြှင့်ထားသည့် ကာလအတွင်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးနိုင်ရေး ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ **အစိုးရတစ်ရပ်၏ တာဝန်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့ကျသည့်စီးပွားရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊** မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်တွင် နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးပဋိပက္ခများကိုဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်ခဲ့ပြီး နိုင်ငံရေးအရဖြစ်ပေါ်လာသည့် အခြေအနေများကြောင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း။

**ပိုင်းဝန်းဆောင်ရွက်**

ပညာရည်မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၌ စာသင်ကျောင်းများအားလုံးဖွင့်လှစ်သင်ကြားနိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်းများ၊ အဆင့်မြင့်ပညာသင်ကျောင်းများနှင့်

ပညာသင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စင်တာများအားလုံး၌ ကျောင်းသား၊ ကျောင်းသူများ လုံခြုံအေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းသား၊ မိဘနှင့်ဆရာများသာမက အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ပိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း။

ပညာသင်ကြားရေးတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍမှာ အလွန်ကျယ်ပြန့်ပြီး အဓိကကျသဖြင့် ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးအတွက် နိုင်ငံတော်မှတတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ်များအလိုက်လည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခင်က ပညာရေးစနစ်၏ အားနည်းမှု၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှုများရှိခဲ့ခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးမှာ အားနည်းချက်များရှိခဲ့ကြောင်း၊ **ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်စေရေး ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားပေးရန်လိုသကဲ့သို့ အခြားလိုအပ်သော မှန်ကန်သည့် တွေးခေါ်မှုနှင့် အသိအမြင်များ ရရှိရေးအတွက်လည်း သင်ကြားပေးရန်လို**ကြောင်း။

**ပညာရည်မြင့်မားရေးဝိုင်းဝန်းကြိုးပမ်း**

ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ထပ်မံတိုးချဲ့ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကို သင်ကြားတတ်မြောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားပြီးချိန်တွင် ၎င်းတို့၏ ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏ ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် လူသားအရင်းအမြစ်များကိုလည်း ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ GDP မှာ အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော သေချာခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ထိရောက်စွာ အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်လမ်းများရရှိပြီး လူမှုစီးပွားဘဝများ တိုးတက်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **လူနည်းစု၏အကျိုးစီးပွားထက် လူအများစု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်ရန်လို**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍ၊ သားငါးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်နေချိန်ကာလအတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ

**အစိုးရတစ်ရပ်၏ တာဝန်မှာ**
**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်**
**ဖြစ်ပြီး လက်တွေ့ကျသည့် စီးပွားရေး**
**လုပ်ငန်းများကို အကောင်အထည်ဖော်**
**ဆောင်ရွက်နိုင်ရန်လို၊**
**ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်**
**စာတတ်မြောက်စေရေး ဆရာ၊ ဆရာမများ**
**အနေဖြင့် သင်ကြားပေးရန်လိုသကဲ့သို့**
**အခြားလိုအပ်သော မှန်ကန်သည့်**
**တွေးခေါ်မှုနှင့် အသိအမြင်များ**
**ရရှိရေးအတွက်လည်း သင်ကြားပေးရန်လို၊**
**လူနည်းစု၏အကျိုးစီးပွားထက်**
**လူအများစု၏အကျိုးစီးပွားကိုဖော်ဆောင်**
**ပေးနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို**
**ပိုမိုအားပေးဆောင်ရွက်ရန်လို။**

ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မြေယာအသုံးချမှုကိစ္စရပ်များနှင့်ပတ်သက်၍ စိုက်ပျိုးမြေများ ထိခိုက်လျော့နည်းမှုမရှိအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများ မရှိစေရေး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်ကြပ်မတ်မတ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ စနစ်တကျလည်ပတ်ဆောင်ရွက်နေရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများအောင်မြင်မှုရှိစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်နေရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးရန်လိုပြီး နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအားလုံးလည်ပတ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း။

**MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး**

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ကုန်ကြမ်းအတွက် သေချာခိုင်မာသည့် ဒေသတွင်းနှင့် ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကထားဆောင်ရွက်ရန်လိုကြောင်း၊ **MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်**ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ **ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည်လည်း မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများဝင်ရောက်ခြင်းဖြင့် ဒေသအကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သောကြောင့် အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လို**ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် သန့်ရှင်းသာယာလှပမှုရှိစေရေး၊ တည်းခိုနေထိုင်ရေး၊ ဒေသအစားအစာများ၊ ဒေသထွက်လက်ဆောင်ပစ္စည်းများ ရောင်းချနိုင်ရေး၊ ဝန်ဆောင်မှုအပြည့်အဝ ပေးနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်

**MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ကုန်ကြမ်းအတွက် သေချာခိုင်မာသည့်ဒေသတွင်းနှင့် ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကထားဆောင်ရွက်ရန်လို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး အလုပ်အကိုင်အခွင့် အလမ်းများ တိုးတက်လာကာဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်။**

စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ အလားတူ အထည်ချုပ်လုပ်ငန်းများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖြစ်ပေါ်စေနိုင်ကာ တစ်ဦးချင်းစီ၏ ဝင်ငွေကိုတိုးတက်စေနိုင်သည်ဖြစ်သောကြောင့် အားပေးဆောင်ရွက်သွားရန်လိုကြောင်း။

အလုပ်အကိုင်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြည်ပသို့သွားရောက်လုပ်ကိုင်မှုများ များပြားလျက်ရှိခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့နေရာဒေသများတွင် လုပ်သားအင်အား ရှားပါးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများကို အားပေးဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ **မိမိတို့နိုင်ငံသားများအား မိမိတို့၏နိုင်ငံတွင်း၌ပင် နိုင်ငံတော်၏ အရိပ်အာဝါသအောက်၌ လုံခြုံစွာဖြင့် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဖော်ဆောင်ပေးနိုင်ရမည်ဖြစ်**ကြောင်း။

အခွန်ဆောင်မှုနှင့်ပတ်သက်၍ အခွန်ရှောင်မှုများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မြေများ ဈေးကစားမှုမရှိစေရေးနှင့် စနစ်တကျရှိစေရေး လယ်ယာမြေဥပဒေဖြင့် ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံ့ဝင်ငွေတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်း

များ မြင့်မားတိုးတက်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အားလုံးအနေဖြင့် အမှန်တကယ် အောင်မြင်မှုရှိစေရေး၊ နိုင်ငံတော်နှင့် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေး လက်တွေ့ကျကျဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများက ဒေသအလိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ တင်သွင်းပေးလျက်ရှိမှုကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးထားမှု၊ ရော်ဘာနှင့်ဆီအုန်း စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သမဝါယမ အသင်းများဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကုန်သွယ်မှုနှင့်ပတ်သက်၍ တရားမဝင်ကုန်သွယ်မှုများတိုက်ဖျက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်မှုများ၌ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ့ဝင်ငွေများကို ထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ပြည်ပသို့ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေကိုဖောက်ဖျက်ဆောင်ရွက်မှုများကို ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း။

**တစ်ဦးချင်းဝင်ငွေများပြားမှသာ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်**

မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းကို လျှော့ချနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသတွင် နေထိုင်သူ များပြားပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ တစ်ဦးချင်းဝင်ငွေများပြားမှသာ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဒေသစီးပွားရေးတိုးတက်စေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စာရင်းဇယားများ၌ တိုးတက်ခြင်းထက် လက်တွေ့တိုးတက်မှု

> **နိုင်ငံအတွက် လိုအပ်လျက်ရှိသည့်**
> **လူသားအရင်းအမြစ်များ**
> **မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊**
> **မွေးမြူရေးနှင့် စက်မှုနည်းပညာ**
> **ဘာသာရပ်များကို သင်ကြားသည့်**
> **ကျောင်းသားကျောင်းသူများ**
> **တိုးတက်လာရေး ဆောင်ရွက်ပေးရန်လို၊**
> **မိမိတို့နိုင်ငံ၏ အနာဂတ်အတွက်**
> **ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ**
> **မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများ**
> **သာမက မိဘများနှင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ**
> **တာဝန်ရှိသူများအနေဖြင့်လည်း**
> **အလေးထားဆောင်ရွက်ပေးကြစေလို။**

ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ **ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအားလုံးက ဝိုင်းဝန်းတွန်းအားပေးဆောင်ရွက်ကြရန်လို**ကြောင်း။

**ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးနိုင်ရေး**

ပညာရေးနှင့်ပတ်သက်၍ ယခုပညာသင်နှစ်တွင် ကျောင်းတက်ရောက်လျက်ရှိသည့် ကျောင်းသားကျောင်းသူများအားလုံး ပညာရေးဆုံးခန်းတိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး၊ ကျောင်းနေရာခိုင်နှုန်းမြင့်မားလာရေး ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကိုသင်ကြားသည့် ကျောင်းသားကျောင်းသူများတိုးတက်လာရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများသာမက မိဘများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အလေးထားဆောင်ရွက်ပေးကြစေလို**ကြောင်း မှာကြားသည်။

■ ■ ■

# အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၁ - ၈ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ(၁၁)ရက်နေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ရော်ဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

**တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်း နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း နိုင်ငံတော်ကိုဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်မှုဖြစ်စဉ်များ ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေကြေညာထားသည့်ကာလအား ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်

မှစ၍ နောက်ထပ်ခြောက်လ သက်တမ်းတိုးမြှင့်ထားသည့် အခြေအနေများ၊ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် ကာလအတွင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုအခြေအနေများနှင့် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဦးစွာ ရှင်းလင်းပြောကြားသည်။

**နိုင်ငံ့အနာဂတ်အတွက် ဗလငါးတန် ပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်**

ဆက်လက်ပြောကြားရာတွင် အသစ်ထပ်မံချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၍ အောင်မြင်နိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျရာအခန်းကဏ္ဍက ပါဝင်ရမည်ဖြစ်ကြောင်း၊ ဦးတည်ချက်များအနက် လူငယ်များ၏ အခန်းကဏ္ဍတစ်ခုကို ထည့်သွင်းချမှတ်ထားကြောင်း၊ အနာဂတ်နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူကောင်း၊ လူတော်များကို မွေးထုတ်ပေးရန်လိုကြောင်း၊ **နိုင်ငံ၏အနာဂတ်တိုးတက်ရေးအတွက် လူငယ်များသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး အနာဂတ်တိုင်းပြည်ကို ဦးဆောင်နိုင်သည့် နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ် ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်အတွက် ခိုင်မာမှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ယခင်က ပညာရေးစနစ်၏ အားနည်းမှု၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှုများရှိခဲ့ခြင်းကြောင့် ကျောင်းသားကျောင်းသူများ၏ ပညာရေးတွင် အားနည်းချက်များရှိခဲ့ကြောင်း၊ **ပညာရည် မြင့်မားတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ပညာရည်မြင့်မားရေးကိစ္စရပ်များကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ တိုင်းပြည်အတွက် ရေရှည်အကျိုးကိုမျှော်တွေး၍ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၏ ဆိုလိုချက်နှင့် မျှော်မှန်းချက်များကို သဘောပေါက်နားလည်ကြရန်နှင့် မိမိတို့တတ်နိုင်သည့်ဘက်မှ လိုက်နာအကောင်အထည်ဖော်ဆောင်ကြရန်လိုသည်ကို တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်မှုနှင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးဆောင်ရွက်လျက်ရှိမှု**

တပ်မတော်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထိပါးလာသည့်အန္တရာယ်များကိုကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်ကြောင်း၊

> **နိုင်ငံ၏ အနာဂတ်**
> **တိုးတက်ရေးအတွက် လူငယ်များသည်**
> **အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး**
> **အနာဂတ် တိုင်းပြည်ကို ဦးဆောင်နိုင်သည့်**
> **နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွက်လာစေရေး**
> **ဆောင်ရွက်ပေးရမည်ဖြစ်၊**
> **အကျင့်စာရိတ္တကောင်းမွန်ပြီး**
> **အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင်**
> **လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာလျှင်**
> **အနာဂတ်နိုင်ငံတော်အတွက်**
> **ခိုင်မာမှုကို ဖြစ်ပေါ်စေမည်ဖြစ်။**

နိုင်ငံတကာရှိ တပ်မတော်တိုင်းသည် ပြည်ပအန္တရာယ်၊ ရန်စွယ်များကို ကာကွယ်ရန်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်း လက်နက်ကိုင် အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရသည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအခြေအနေများအရ တပ်မတော်မှ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြေရှင်းရေးနှင့် ပြည်သူတို့၏အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးတွင် အတူတကွပူးပေါင်း၍ တာဝန် ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း။

တပ်မတော်ကို စွမ်းရည်စွမ်းအားရှိသည့် တပ်မတော် ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ တပ်မတော်၏ စွမ်းပကားမြှင့်တင်ရန်အတွက် စစ်သည်တစ်ဦးချင်း၏ စွမ်းရည်မြင့်မားစေရေး လေ့ကျင့်ရေး တာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်ဖြစ် သကဲ့သို့ တစ်ဦးချင်း စွမ်းရည်များရှိစေရေး အမြဲလေ့ကျင့် ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားအားလုံး ကျန်းမာ၊ ကြံ့ခိုင်မှုရှိစေရေးအတွက် နေထိုင်စားသောက်မှု များကို တတ်နိုင်သမျှပြည့်စုံအောင် ဆောင်ရွက်ပေးထား ပြီးဖြစ်ကြောင်း၊ ဉာဏပိုင်းနှင့်ပတ်သက်၍လည်း စစ်အတတ် ပညာများကိုသာမက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍရပ်များ အားလုံးကို ကျွမ်းကျင်တတ်မြောက်အောင်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း၏ ကျန်းမာ ကြံ့ခိုင်မှုရှိစေရေးအတွက်လည်း အမြဲလေ့ကျင့် ဆောင်ရွက် နေရန်လိုကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့လုပ်ငန်း တာဝန် များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်ဦးချင်း၏ စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုမှသည် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေးအားလုံးမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည်၏ အနာဂတ် ဖြစ်သည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းအားပေး ဖော်ဆောင်သွား ကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား

## ( ၁၁ - ၈ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ်လ(၁၁)ရက်နေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့မိ၊ မြို့ဖများအား အစိုးရအဖွဲ့ရုံးဧည့်ရိပ်သာ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှအစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့် အခြေအနေတွင် ရှိနေပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေတွင် ရပ်တည်နိုင်နေခြင်းမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံး၏ ကောင်းမွန်သည့် လုပ်ဆောင်ချက်များနှင့် ဒေသခံပြည်သူလူထုတို့၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ကောင်းမွန်သည့် လုပ်ဆောင်ချက်ကောင်းများနှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆန်ဖူလုံမှုသည်လည်း မြင့်မားမှုရှိသည်ကို တွေ့ရှိရပြီး အရည်အသွေးကောင်းသည့် စပါးမျိုးများကို ပိုင်ဆိုင်ထားကြောင်း၊ပညာရေးနှင့်ပတ်သက်၍လည်း ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူ ဦးရေအများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပြီး ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာအထက်တန်းကျောင်းများကို ခရိုင် ၅၀ ၌ ဖွင့်လှစ်ထားရှိပြီး ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီး၏ ဆောင်ရွက်ချက်များအားလုံးကို အသိအမှတ်ပြု အားပေးပါကြောင်းနှင့် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများအနေဖြင့်လည်း မိမိတို့ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးပြောကြားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖ

များက **ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲနှင့် တိုက်ရိုက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခွင့်ရသည်မျိုးမှာ ယခင်က မရှိခဲ့ပါကြောင်း၊ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် အောက်ခြေအထိဆင်း၍ အကွက်ကျကျ ဆောင်ရွက်နေသဖြင့် အားကိုးဂုဏ်ယူမိ**ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်ရေး၊ မြေအရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ လိုအပ်ချက်များ၊ ပုလဲ၊ ယူရီးယားနှင့် အခြားသောကွန်ပေါင်းဓာတ်မြေဩဇာများစွာကို ကာလရှည်ကြာ အသုံးပြုခဲ့သဖြင့် မြေအရည်အသွေးကို ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် မြေအရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်သွားရန် လိုအပ်ချက်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တစ်ခု ဆောင်ရွက်ပေးစေလိုမှု၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် ကောင်းမွန်လျက်ရှိပြီးဖြစ်သော်လည်း အချို့သောလမ်းပိုင်းနေရာများ၌ အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိမှုတို့ကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထွက်နှုန်းတိုးတက်ရေးအတွက် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို ပြည့်ဝစွာ ထည့်သွင်းရမည်ဖြစ်သကဲ့သို့ မြေအရည်အသွေးကောင်းမွန်ရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့် သဘာဝမြေဩဇာကို ရရှိစေနိုင်ပြီး မြေဆီမြေနှစ်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ရှိပြီးဖြစ်သည့် မျိုးရင်းများမပျောက်ကွယ်စေရေးနှင့် အရည်အသွေးကျဆင်းမှု မရှိစေရေး သုတေသနပြုလုပ်ငန်းများ အမြဲမပြတ် ဆောင်ရွက်နေရန်လည်းလိုကြောင်း၊ ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သဖြင့် အစိုးရက ဆောင်ရွက်မှုများသည်သာမက ဒေသအလိုက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း တစ်ဦးချင်း ကြိုးစားအားထုတ်ရန်လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒပိုင်းဆိုင်ရာများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများနှင့်တွဲဖက်၍ မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများမှ ကုန်ကြမ်းများဖြင့်လည်းတိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် ငါးမွေးမြူရေးပြုလုပ်ရန် ကောင်းမွန်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆင့်မြင့်ငါးထုတ်ကုန်များကို ရောင်းချနိုင်မည့် ဈေးကွက်သည်လည်း ရှိပြီးဖြစ်ကြောင်း၊ နွားမွေးမြူရေးနှင့်ပတ်သက်၍လည်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေတွင်ရှိပြီးဖြစ်သဖြင့် တိုးချဲ့ဆောင်ရွက်မည်ဆိုပါက ဒေသနှင့်တိုင်းပြည်အတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

**ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူ ဦးရေအများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပြီး ဂုဏ်ယူဖွယ်ရာပင်ဖြစ်၊ မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာ အထက်တန်းကျောင်းများကို ခရိုင် ၅၀ ၌ ဖွင့်လှစ်ထားရှိပြီး ဆက်လက်တိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်၊ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးတွင် စံနမူနာပြ တိုင်းဒေသကြီးအဖြစ် ဖော်ဆောင်ကြရန်လို၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်။**

**မြေအရည်အသွေးနှင့် မျိုးအရည်အသွေးကို ထိန်းသိမ်းသွားရန်လို**

အထွက်နှုန်း ကောင်းမွန်ရေးအတွက် ဓာတ်မြေသြဇာများစွာ ထည့်သွင်းအသုံးပြုခြင်းသည် မူလမျိုးကောင်းမျိုးသန့်များ၏ အရည်အသွေးကို ထိခိုက်လာစေသည်ကို တွေ့ရှိရကြောင်း၊ သဘာဝမြေသြဇာကို အတတ်နိုင်ဆုံးသုံးစွဲခြင်းဖြင့် မြေအရည်အသွေးနှင့် မျိုးအရည်အသွေးကို ထိန်းသိမ်းသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ လယ်ယာစိုက်ပျိုးမှုများသည် အကွက်ငယ်များဖြင့် စိုက်ပျိုးကြသဖြင့် အနည်းဆုံးဧကကွက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်မည် ဖြစ်သကဲ့သို့ အထွက်နှုန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မြေများကို စနစ်တကျပြုပြင်၍ ကောက်ကွက်များ ပြည့်မီအောင်စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများ ကောင်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမွန်ရမည်၊ မြေအရည်အသွေး ကောင်းမွန်အောင် စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေ၊ အောင်ရေလုံလောက်စွာ ရရှိနိုင်ရမည်၊ စိုက်နည်းစနစ်များ မှန်ကန်ရမည်ဖြစ်ကြောင်း၊ အထက်ပါအချက်လေးချက်ဖြင့်ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုနှင့်ပတ်သက်၍ ပုသိမ်–ရန်ကုန်ဖြတ်သန်းသွားလာမှုသည် နေ့စဉ်ယာဉ်အစီးပေါင်းများစွာဖြတ်သန်းသွားလာလျက်ရှိကြောင်း၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များတွင် နေ့စဉ်ယာဉ်အစီးရေ သွားလာမှုအပေါ် မူတည်၍ လမ်းများကို အဆင့်မြှင့်တင်ရသည်ဖြစ်သဖြင့် အဆင့်မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပုသိမ်လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေယာဉ်များ ဆင်းသက်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး စီမံလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် ခရီးသွားလာရေးလုပ်ငန်းဆောင်ရွက်ရန်အတွက်လည်း သဘာဝအလှအပများ၊ ဒေသထွက်အစားအသောက်များနှင့် အခြားအခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ယခင်က လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ဖူလုံမှုနှင့်ပတ်သက်၍ ထိခိုက်နစ်နာခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပုသိမ်မြို့၏ လူနေမှုစနစ်မြှင့်တင်နိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျဖြစ်အောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း စည်းကမ်းစနစ်တကျအတိုင်း လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးတွင် စံနမူနာပြ တိုင်းဒေသကြီးအဖြစ် ဖော်ဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပုသိမ်မြို့ အားကစားကဏ္ဍမြှင့်တင်ရေးဆောင်ရွက်နေမှုများနှင့် ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၁ - ၈ - ၂၀၂၃ )



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ(၁၁)ရက်နေ့ မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ)နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုများနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်း ရှင်းလင်းဆောင်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အားကစားကွင်းများ၊ အားကစားရုံများ၊ ရေကူးကန်တည်ဆောက်ထားရှိမှုနှင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) တည်ဆောက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အားကစားကို အလေးထား ဆောင်ရွက်လျက်ရှိ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်ရှေ့ဆက်ဆောင်ရွက်သွားမည့် ဦးတည်ချက်များတွင် အားကစားကဏ္ဍမြှင့်တင်နိုင်ရေး အချက်တစ်ချက်အနေဖြင့် ထည့်သွင်းချမှတ်ထားရှိပြီးဖြစ်ပြီး အားကစားကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားကဏ္ဍ

မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကိုမြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ် စိတ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်ကြောင်း၊ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ အားကစားကွင်းများကို အဆင့် မြှင့်တင် ဆောင်ရွက်ရာတွင် လာရောက်ကြည့်ရှုနိုင်မည့် ပွဲကြည့်ပရိသတ်အင်အား ပမာဏကိုလည်း ထည့်သွင်း စဉ်းစားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင်ဖြစ်ပေါ်လာ နိုင်သည့် အခြေအနေများကိုကြည့်၍ ရေရှည်မျှော်တွေး ဆောင်ရွက်ရန်နှင့် အဆင့်မီပြီး ခေတ်နှင့်လျော်ညီသည့် စံချိန်မီအားကစားရုံ၊ အားကစားကွင်းများဖြစ်ရန်လိုကြောင်း၊ ကားရပ်နားရန်နေရာများ၊ အရေးပေါ်အခြေအနေတွင် အဝင်၊ အထွက် လွယ်ကူအဆင်ပြေစေမည့် လူထွက်ပေါက်များ ကိုလည်း ထည့်သွင်းစဉ်းစား အဆင့်မြှင့်တင်သွားရန်လို ကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) တည် ဆောက်ရာတွင် ခွင့်ပြုပေးထားသည့် မြေနေရာများကို စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း မြေလပ် များမရှိစေရေး သတ်မှတ်အကွာအဝေးနှင့်အညီ ဖြစ်ရန်လို ကြောင်း၊ အားကစား အဆင့်အတန်းကောင်းမွန်အဆင့် မြင့်လာစေရေးအတွက် အားကစားကွင်းများ၊ အားကစားရုံ များသည် သတ်မှတ်ထားသည့် အဆင့်အတန်းမီရန်လို ကြောင်း၊ ထိုသို့ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှသာလျှင် အားကစား တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နည်းပြများသည်လည်း အရည်အချင်းပြည့်မီစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုးသိန်း အားကစားပြိုင်ကွင်းအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန် ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တိုင်အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည် များမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ် မြို့ ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆင့်မြင့် ရေကူးကန် တည်ဆောက်နေမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ပွဲကြည့်စင် တည်ဆောက် ရာတွင် ပရိသတ်အရေအတွက်များများ ဝင်ဆံ့နိုင်အောင် တွက်ချက်ဆောင်ရွက်ရန်၊ ရာသီဥတုဒဏ် အထူးသဖြင့် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်အောင်တွက်ချက်ဆောင်ရွက် ရန်လိုကြောင်းမှာကြားပြီး လုပ်ငန်းဆောင်ရွက်မှု အခြေ

**အားကစားကဏ္ဍ**

**မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့ နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကိုမြှင့်တင်ပေးခြင်း ပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်၊ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်၊ အားကစားကွင်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် လာရောက်ကြည့်ရှု နိုင်မည့် ပွဲကြည့်ပရိသတ်အင်အား ပမာဏ ကိုလည်း ထည့်သွင်းစဉ်းစားရန်လို၊ နောင်တစ်ချိန်တွင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုကြည့်၍ ရေရှည် မျှော်တွေးဆောင်ရွက်ရန်နှင့် အဆင့်မီပြီး ခေတ်နှင့်လျော်ညီသည့် စံချိန်မီအားကစားရုံ၊ အားကစားကွင်းများဖြစ်ရန်လို။**

အနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ ရောက်ရှိကြရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဘုန်းလွင်က ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ ရေမီတာများ တပ်ဆင်ထားရှိမှုနှင့် ရေပေးဝေခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လက်ရှိရေဖြန့်ဝေပေးနေမှုနှင့် နွေရာသီရေလိုအပ်မှုများရှိချိန်တွင် မြို့ရေလိုအပ်ချက်၊ ရေအရည်အသွေး ဓာတ်ခွဲစစ်ဆေးမှုဆိုင်ရာ မှတ်တမ်းများ၊ ရေသန့်စင်စက်ရုံလုပ်ငန်းဆောင်ရွက်မှုများ၊ သန့်စင်ပြီးရေများအား ပြည်သူများသုံးစွဲနိုင်ရေး ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကိုအကျိုးမဲ့ သုံးစွဲမှုမရှိစေရေး ပြည်သူများကို အသိပညာပေး ဆောင်ရွက်ရန်လိုကြောင်း၊ ပုသိမ်မြို့သည် မိုးများသည့် ဒေသဖြစ်သဖြင့် မိုးရေကို စုဆောင်းသိုလှောင်၍လည်း အသုံးပြုနိုင်ကြောင်း၊ ရေသန့်စင် စက်ရုံအနီး မြစ်ကြောင်းအတွင်းသဲနုန်းတင်ခြင်းများကို လျှော့ချနိုင်ရန်အတွက် ကမ်းပါးများအနီး၌ သစ်ပင်များကို တတ်နိုင်သမျှစိုက်ပျိုး ထိန်းသိမ်းရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ (သာပေါင်း) စတင်ဖွင့်လှစ်လည်ပတ်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁၂ - ၈ - ၂၀၂၃ )




မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်ဖွင့်လှစ်လည်ပတ်ခြင်း အခမ်းအနားကို ဩဂုတ်လ(၁၂)ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်ရုံနေရာသို့ ရောက်ရှိကြရာ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ဝန်ထမ်းများ၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီက သာပေါင်းစက္ကူစက်ရုံအတွက် ကုန်ကြမ်းရရှိနိုင်မှု၊ လေ့လာဆန်းစစ်ချက်များအရ ဝါးအမျိုးမျိုးမှ ပျော့ဖတ်ရရှိနိုင်မှုနှင့် စက္ကူပျော့ဖတ်ထုတ်လုပ်နိုင်ရေး စိုက်ပျိုးသင့်သည့် ဝါးများနှင့် သစ်မျိုးများအား ဆန်းစစ်ဆောင်ရွက်ခဲ့မှု၊ ပုဂ္ဂလိကသစ်မာစိုက်ခင်းများမှ စက္ကူပျော့ဖတ်ကုန်ကြမ်းရရှိနိုင်မှု၊ စက်ရုံအတွက် ပျော့ဖတ်ကုန်ကြမ်းရရှိနိုင်ရေး ဝါးနှင့်သစ်မာစိုက်ခင်းတည်ထောင်ရန် မြေနေရာခွင့်ပြုပေးထားမှု အခြေအနေများကိုလည်းကောင်း။

**ရှင်းလင်းတင်ပြ**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်

က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် ဓာတ်ငွေ့များ ပို့လွှတ်နိုင်ရေး ကန်ကြီးထောင့်-သာပေါင်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ စစ်ဆေးပြုပြင်ခြင်းဆောင်ရွက်ခဲ့မှုနှင့် ပိုက်လိုင်းအစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ သဘာဝဓာတ်ငွေ့ထိန်းချုပ်ဖြန့်ဖြူးရေးစနစ်များကို အဆင့်မြှင့်တင်ခဲ့မှု၊ စက်ရုံအတွက် ဓာတ်ငွေ့လိုအပ်ချက်ကိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ဆိုင်ရာအချက်အလက်များ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသို့ စက်ရုံလုပ်ငန်းများအား လွှဲပြောင်းပေးအပ်နိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့မှုနှင့် လွှဲပြောင်းပေးအပ်ခဲ့မှု၊ စက်ရုံဝန်ထမ်းများ တာဝန်ထမ်းဆောင်လျက်ရှိသည့် အခြေအနေများနှင့် စက်ရုံပြန်လည်လည်ပတ်နိုင်ခြင်းအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောက အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့ကို စက်မှုဝန်ကြီးဌာနမှ မြန်မာစီးပွားရေးကော်ပိုရေးရှင်းသို့ လွှဲပြောင်းရယူဆောင်ရွက်ခဲ့မှု၊ စက်ရုံအတွက် လိုအပ်သည့်ဝါးနှင့် သစ်မာစိုက်ခင်းများ လိုအပ်လျက်ရှိမှုနှင့် စိုက်ပျိုးထားရှိမှု၊ သတင်းစာစက္ကူစက်ရုံ (သာပေါင်း) ပြန်လည်လည်ပတ်နိုင်ရေးစက်ပစ္စည်းများ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့် စက်ကိရိယာများ တပ်ဆင်ထားရှိမှု၊ မူလစက်တပ်ဆင်သည့် ကုမ္ပဏီမှပညာရှင်များဖြင့် စက်ကိရိယာများအားလုံး နေရာတကျဖြစ်စေရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

**လမ်းညွှန်အမှာစကားပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်အမှာစကားပြောကြားရာတွင် ယနေ့သည် နိုင်ငံ၏စက္ကူလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကိုပြန်လည်လည်ပတ်နိုင်ခဲ့သည့်နေ့ဖြစ်၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်ပါကြောင်း၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့ အနေဖြင့် ယခင်က လုပ်ငန်းလည်ပတ်ခဲ့ပြီးဖြစ်သည့် စက်ရုံများဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းလည်ပတ်မှုများ ရပ်တန့်ခဲ့ရကြောင်း၊ နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာ စသည့်စက္ကူလိုအပ်ချက်များစွာကို နှစ်စဉ်ပြည်ပမှ တင်သွင်းအသုံးပြုနေရသည့်အတွက် နိုင်ငံခြားငွေများစွာ သုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ ယခင်က စစ်တောင်းစက္ကူစက်ရုံ၊ ရေနီ

> **"စက်မှုစွမ်းအား ခေတ်ကျော်လွှား" ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ထုတ်လုပ်၍ ပြည်တွင်းအတွက်လိုအပ်သည့် ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့နည်းလာမည်ဖြစ်၊ နိုင်ငံတွင်ရှိပြီးဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် အခြားစက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်။**

စက္ကူစက်ရုံနှင့် သာပေါင်းစက္ကူစက်ရုံတို့ကို ဆောင်ရွက်ခဲ့ပြီး စစ်တောင်းစက္ကူစက်ရုံမှာ သက်တမ်းကြာမြင့်ပြီဖြစ်သဖြင့် ဖျက်သိမ်းပြီးဖြစ်ကြောင်း၊ ယခုစက်ရုံစုသည် စွမ်းအားပြည့် လည်ပတ်နိုင်ပါက သတင်းစာစက္ကူအပြင် အခြားစက္ကူအမျိုးအစားများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ခေတ်ကာလ၏ အခြေအနေအရ Online မီဒီယာအသုံးပြုမှု ပိုမိုများပြားလာပြီး Printed မီဒီယာပိုင်းအားနည်းချက် ရှိလာသည်ကို တွေ့ရှိရကြောင်း၊ သတင်းစာစက္ကူလိုအပ်ချက်များမှာ ယခင်ကထက် လျော့နည်းလာသည်ကို တွေ့ရှိရသော်လည်း နေ့စဉ်ထုတ် သတင်းစာများသည် သမိုင်းကို ဖော်ပြနေခြင်းဖြစ်သဖြင့် နိုင်ငံတိုင်းတွင် သတင်းစာများကို နေ့စဉ်ရိုက်နှိပ်ထုတ်ဝေနေရဆဲဖြစ်ပြီး သတင်းစာစက္ကူလိုအပ်ချက်သည်လည်း အမြဲမပြတ်ရှိနေမည်ဖြစ်ကြောင်း။

သတင်းစာစက္ကူစက်ရုံ(သာပေါင်း)အနေဖြင့် သစ်၊ ဝါးကုန်ကြမ်းများစွာ လိုအပ်မည်ဖြစ်သဖြင့် စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ကြမ်းများ ရယူရာတွင် စက်ရုံအနီးဝန်းကျင်မှ ရရှိရန်လိုပြီး အဝေးမှ သယ်ယူရမည်ဆိုပါက သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များ များပြားမည်ဖြစ်သဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်သည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအရတွက်ခြေကိုက်သည့် သစ်တောစိုက်ခင်း၊ ဝါးစိုက်ခင်းများ ရရှိရန်လိုကြောင်း၊ သွင်းအားစုများအနက် အဓိက လိုအပ်ချက်ဖြစ်သည့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ် ရရှိရေးအတွက်လည်း စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း။

စက်ရုံရပ်နားထားသည့်အချိန်အတွင်း လာရောက်ကြည့်ရှုစစ်ဆေးစဉ် ယခင်ကထုတ်လုပ်ခဲ့သည့် သတင်းစာစက္ကူများကို ကြည့်ရှုစစ်ဆေးခဲ့ရာ အရည်အသွေးများစွာ ကောင်းမွန်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ သတင်းစာထုတ်လုပ်ခြင်း၌သာမက ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်မှုများအတွက်လည်းအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စက္ကူလိုအပ်ချက်ကိုပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲနေရမှုကို များစွာ လျော့နည်းသွားစေမည်ဖြစ်ကြောင်း၊ အလားတူ အခြားသွင်းကုန်ပစ္စည်းများဖြစ်သည့် ရော်ဘာထုတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေး**

ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုစက်ရုံမှ စက္ကူထုတ်လုပ်မှုများ ဆက်လက်တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ဖွင့်ပွဲကို သာပေါင်း သဘာဝဓာတ်ငွေ့ ထိန်းသိမ်းဖြန့်ဖြူးရေးစခန်း၌ ကျင်းပ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဓာတ်ငွေ့ပိုက်လိုင်းဘားကို လှည့်၍ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု Gas Station ကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သဘာဝဓာတ်ငွေ့ထိန်းသိမ်းဖြန့်ဖြူးရေးစခန်း အတွင်း လှည့်လည်၍ Filtration System၊ Pressure Regulation System၊ Metering System တို့ဖြင့် ထိန်းသိမ်းဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စတင်လည်ပတ်ခြင်းအခမ်းအနားကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) ဆိုင်းဘုတ်ကိုစက်ခလုတ် နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံ ရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Chip Preparation Plant ၌ နေရာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Chip Preparation Plant အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သတင်းစာစက္ကူစက်ရုံ (သာပေါင်း)ကို စတင်လည်ပတ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်းလှည့်လည်၍ Chip Preparation Plant၊ Paper Making Plant၊ Finishing Section တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သတင်းစာ စက္ကူစက်ရုံ(သာပေါင်း)မှ ပထမဦးဆုံးထွက်ရှိလာသည့် သတင်းစာ စက္ကူပေါ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

**"စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုသည့် ဆိုရိုးစကားနှင့်အညီ စာပေသည် လူ့ဘဝတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေ၊ စာပေများကို ဖတ်ရှုနိုင်ရေးအတွက် စာများပုံနှိပ်ထုတ်ဝေရန် စက္ကူများသည် မဖြစ်မနေလိုအပ်၊ မိမိတို့နိုင်ငံ၌ စက္ကူထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများစွာရှိပြီးဖြစ်သည့်အတွက် စက္ကူထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရေး ယခုစက်ရုံကို ပြန်လည်လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) ပြန်လည်လည်ပတ်နိုင်ရေးတွင် ပါဝင်ခဲ့ကြသည့် ပြည်ပနည်းပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စက်ရုံပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**များစွာအကျိုးဖြစ်ထွန်းစေမည်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့မှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး နေ့လယ်စာမသုံးဆောင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုစက်ရုံသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စက်ရုံတစ်ခုဖြစ်ပါကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရပြီး ယခုအချိန်တို အတွင်း လုပ်ငန်းများပြန်လည်လည်ပတ်နိုင်ခြင်းသည် မူလဝန်ထမ်းများ၏ ထိန်းသိမ်းထားရှိမှု အရည်အချင်းကောင်းများကြောင့်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းလည်ပတ်မှုဖြစ်ပြီး များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ယခုကဲ့သို့ ပြန်လည်ပြုပြင်မှု အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းထားရှိမှုများကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။

**"စာအုပ်စာပေ လူ့မိတ်ဆွေ"**ဆိုသည့် ဆိုရိုးစကားနှင့် အညီ စာပေသည် လူ့ဘဝတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ စာပေများကို ဖတ်ရှုနိုင်ရေးအတွက် စာများပုံနှိပ်ထုတ်ဝေရန် စက္ကူများသည် မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စက္ကူထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပစ္စည်းများစွာရှိပြီး ဖြစ်သည့်အတွက် စက္ကူထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရေး ယခု

စက်ရုံကို ပြန်လည်လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**စက်မှုကဏ္ဍသည် အလွန်အရေးပါ**

အလားတူ နိုင်ငံတစ်ခုတိုးတက်ရေးအတွက် စက်မှုကဏ္ဍသည် အလွန်အရေးပါကြောင်း၊ **"စက်မှုစွမ်းအားခေတ်ကျော်လွှား"** ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ထုတ်လုပ်၍ ပြည်တွင်းအတွက်လိုအပ်သည့် ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျော့နည်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတွင်ရှိပြီးဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သဖြင့် အခြားစက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်းပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုသတင်းစာစက္ကူစက်ရုံ(သာပေါင်း)ကို ပြန်လည်လည်ပတ်နိုင်ခြင်းသည် နိုင်ငံ၏ စက်မှုကဏ္ဍကို အသစ်တစ်ဖန်ဆန်းသစ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# BPI Pharmaceutical Museum ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်စဉ် ပြောကြားသည့်အမှာစကား

( ၁၄ - ၈ - ၂၀၂၃ )






စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI Pharmaceutical Museum နှင့် မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ(၁၄)ရက်နေ့ နံနက်ပိုင်းတွင် မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားဆေးဝါးပညာရှင်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က BPI Pharmaceutical Museum အထိမ်းအမှတ် ကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ၁၉၅၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ဝန်ကြီးချုပ်ဟောင်း ဦးနုစိုက်ထူခဲ့သည့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း အထိမ်းအမှတ်ကျောက်တိုင်ကို ကြည့်ရှုလေ့လာကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က “BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း” BPI Pharmaceutical Museum ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Feature Wall ၊ Museum Directory Map ၊ မှတ်တမ်းဓာတ်ပုံများနှင့် ပန်းချီကားများကို ကြည့်ရှုကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Museum ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ အဆောက်အဦများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ မြွေဆိပ်ဖြေဆေးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ ဆေးဝါးများထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီသည့် ပစ္စည်းများ အသုံးပြုထုတ်လုပ်လျက်ရှိမှု၊ ပြည်ပမှဆေးဝါးများတင်သွင်းမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်း၌ ဆေးဝါးများထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ ဆေးဝါးများ ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများဝယ်ယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးဝါးအမယ်သစ်များ ထပ်မံတိုးမြှင့်ထုတ်လုပ်လျက်ရှိမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရေးအတွက် စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်လျက်ရှိမှု၊ BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း (BPI Pharmaceutical Museum) ၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ခိုင်က BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်း တည်ဆောက်ခဲ့မှု၊ မြွေဆိပ်ဖြေဆေးအေးခဲခြောက်စက် တပ်ဆင်ဆောင်ရွက်ခဲ့မှုနှင့် မြန်မာ့ဆေးဝါးလုပ်ငန်း၏ ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်းပြီး အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)အတွက် သမိုင်းမော်ကွန်းထိုးနိုင်ခဲ့သည့် ရက်ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ မှတ်တမ်းထားရှိမှုသည် အရေးကြီးကြောင်း၊ မှတ်တမ်းတင်လုပ်ငန်းများ ဆောင်ရွက်ထားခြင်းဖြင့် မိမိတို့ လုပ်ငန်းအတွက်သာမက နိုင်ငံတော်အတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ **ယင်းမှတ်တမ်းများမှတစ်ဆင့် သမိုင်းကို သိနိုင်သကဲ့သို့ အနာဂတ်အတွက် သုံးသပ်မှု မှန်ကန်သောဆုံးဖြတ်ချက်ထွက်ပေါ်လာစေရေးအထောက်အကူပြုမည်ဖြစ်**ကြောင်း၊ သမိုင်းကြောင်းကောင်းများရှိခဲ့သည့် ဆေးဝါးစက်ရုံတစ်ခုအနေဖြင့် မှတ်တမ်းပြတိုက်ကို ဆောင်ရွက်၍ သမိုင်းကို ထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ဂုဏ်ယူပါကြောင်း။

**များစွာအကျိုးရှိမည်**

သမိုင်းများကိုဖော်ထုတ်၍ လုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စက်ပစ္စည်းများမှာ ခေတ်ကာလအရ ကြာမြင့်သွားပြီဖြစ်

> မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်
> ဖြစ်စေ မှတ်တမ်းထားရှိမှုသည် အရေးကြီး၊
> မှတ်တမ်းတင်လုပ်ငန်းများ ဆောင်ရွက်ထား
> ခြင်းဖြင့် မိမိတို့လုပ်ငန်းအတွက်သာမက
> နိုင်ငံတော်အတွက်လည်း များစွာ
> အထောက်အကူပြုမည်ဖြစ်၊
> ယင်းမှတ်တမ်းများမှတစ်ဆင့် သမိုင်းကို
> သိနိုင်သကဲ့သို့ အနာဂတ်အတွက်
> သုံးသပ်မှု မှန်ကန်သောဆုံးဖြတ်ချက်
> ထွက်ပေါ်လာစေရေး အထောက်အကူပြု
> မည်ဖြစ်၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ
> ထုတ်လုပ်သည့် ဆေးဝါးများ၏
> အရည်အသွေးမှာ ခိုင်မာကောင်းမွန်ပြီးဖြစ်၊
> အဆိုပါရှိပြီးဖြစ်သည့် ခိုင်မာကောင်းမွန်မှု
> များအပေါ်အခြေခံ၍ ဆေးဝါးထုတ်လုပ်မှု
> လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်
> ဆောင်ရွက်ကြရန်လို။

သော်လည်း အချို့မှာ ယနေ့အချိန်အထိ အသုံးပြုနိုင်သေးသည်များရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စက်ပစ္စည်းဟောင်းများကို နမူနာယူ၍ ထုတ်လုပ်မှုပိုင်းတွင် အထောက်အကူပြုနိုင်သည့် စက်ပစ္စည်းများကို ပြည်တွင်းမှ နည်းပညာရှင်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သည့် ဆေးဝါးများ၏ အရည်အသွေးမှာ ခိုင်မာကောင်းမွန်ပြီးဖြစ်ကြောင်း၊ အဆိုပါရှိပြီးဖြစ်သည့် ခိုင်မာကောင်းမွန်မှုများအပေါ် အခြေခံ၍ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ကြရန်လိုကြောင်း။

ဆေးကုသမှုနှင့်ပတ်သက်၍ နှစ်စဉ်သုတေသနလုပ်ငန်းများနှင့်ညီလာခံများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးကုသမှုများအပေါ်မူတည်၍ ဆေးဝါးများ၏ အရည်အသွေးများမှာလည်း ပြောင်းလဲလာကြောင်း၊ ဆေးဝါးများ၏ အရည်အသွေးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အာနိသင် တန်ဖိုးများမှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးတွင် ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဟူ၍ သုံးပိုင်းရှိကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း၏ကဏ္ဍမှာ ကာကွယ်ခြင်းနှင့် ကုသခြင်းပိုင်းတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းမှာ အခြားနိုင်ငံများထက် နည်းပါးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းများကို ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် အစွမ်းထက်သည့် ဆေးဝါးများကို အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အစွမ်းထက်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆေးဝါးသုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်း၌ ဆေးဝါးမလုံလောက်မှုများကြောင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပြည်တွင်း၌ဆေးဝါးများ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ ဆေးဝါးကုန်ကြမ်းများတင်သွင်း၍ ပြည်တွင်းစက်မှုလုပ်ငန်းများဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အများအသုံးပြုသည့် ဆေးဝါးများကို ပြည်တွင်းလုံလောက်မှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်ဆေးဝါးစက်ရုံများမှလည်း နှစ်စဉ်ထုတ်လုပ်လျက်ရှိကြောင်း၊

**နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများသည်**
**ပြည်သူများ၏ သက်သာချောင်ချိရေးအတွက်**
**ဦးတည်ဆောင်ရွက်နေခြင်းဖြစ်၊ မိမိတို့**
**ထုတ်လုပ်လိုက်သည့် ထုတ်ကုန်ပစ္စည်းများကို**
**ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့်**
**ဝယ်ယူအသုံးပြုနိုင်ပြီး ပြည်သူများအတွက်**
**အကျိုးရှိအောင် ဆောင်ရွက်ရန်လို၊**
**ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများ**
**ကောင်းမွန်နေရန်နှင့် ထုပ်ပိုးမှုများလည်း**
**ကောင်းမွန်ရန်လို၊ ပစ္စည်းချင်းတူပါက**
**ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူ**
**ပါက အရည်အသွေးပိုမိုကောင်းမွန်**
**ရမည်ဖြစ်၊ ဆေးဝါးများသည် လူ့အသက်**
**အတွက် တန်ဖိုးဖြတ်မရသည့် အရာများဖြစ်။**

အလားတူ ပုဂ္ဂလိကဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများမှ ဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက်လည်း မြန်မာ့ဆေးဝါးလုပ်ငန်းမှ ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်ပိုင်စက်မှုလုပ်ငန်းများသည် ပြည်သူများ၏ သက်သာချောင်ချိရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်လိုက်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ပြီး ပြည်သူများအတွက် အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများ ကောင်းမွန်နေရန်နှင့် ထုပ်ပိုးမှုများလည်း ကောင်းမွန်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ဆေးဝါးများသည် လူ့အသက်အတွက် တန်ဖိုးဖြတ်မရသည့် အရာများဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ပြည်သူများအတွက် လိုအပ်သည့်ဆေးဝါးများကို ထုတ်လုပ်နေခြင်း

ဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာအထောက်အကူပြုသည့် စက်ရုံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဆေးဝါးပညာရှင်များ၊ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအားလုံးကို မိမိအနေဖြင့် အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်းအတွင်း စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ တာဝန်ရှိသူများသည် အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနသို့ ရောက်ရှိကြရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက မြွေဆိပ်ဖြေဆေးထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်နှင့်ပတ်သက်၍ စက်၏ စွမ်းဆောင်ရည်များ၊ အသုံးပြုပုံများနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထုတ်လုပ်မှုနည်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်ကို ခလုတ်နှိပ်၍ စတင်လည်ပတ်စေသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားဆေးဝါးပညာရှင်ကြီးများနှင့်အတူ ဝန်ထမ်းစုပေါင်းစားရိပ်သာ၌ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့ဆေးဝါးလုပ်ငန်း BPI သည် ရှေးယခင်နှစ်ပေါင်းများစွာကတည်းကပင် အရည်အသွေးပြည့်ဝသည့် ဆေးဝါးများကို ထုတ်လုပ်ခဲ့ပြီး ယခုအချိန်အထိ နာမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှ ထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးအပါအဝင် အခြားသောဆေးဝါးမျိုးစုံတို့သည် လူတို့၏ အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါဘယများမှ ကာကွယ်ခြင်းနှင့် ကုသခြင်းတို့ကို စွမ်းဆောင်ပေးနိုင်ပြီး လူသားတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေသဖြင့် မွန်မြတ်သည့် အလုပ်တစ်ခုလည်းဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI အနေဖြင့် ရှိပြီးဖြစ်သည့် အရည်အသွေးကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမှာလည်း ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးဝါးပညာရှင်ကြီးများ၏ လက်ဆင့်ကမ်းမှုဝေမှု၊ မျိုးဆက်သစ်ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင် ဖြစ်သဖြင့် မိမိအနေဖြင့် များစွာချီးကျူးအသိအမှတ်ပြုပါကြောင်း၊ နောင်တွင်လည်း ယခုထက်ပို၍ နိုင်ငံ့အကျိုး၊ ပြည်သူလူထုတို့၏အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

■ ■ ■

# ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် (၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ(MCIS–2023) ၌ Video Message ဖြင့် ပြောကြားသည့်အမှာစကား

( ၁၆ - ၈ - ၂၀၂၃ )



(၁၁) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS–2023)ကို ရုရှားနိုင်ငံ၊ မော်စကိုမြို့ရှိ ရုရှားတပ်မတော်မျိုးချစ်ပန်းခြံတွင် ဩဂုတ် ၁၅ ရက်က ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်း Video Message ပေးပို့၍ ပါဝင်တက်ရောက်သည်။

**စတင်ကျင်းပ**

ညီလာခံကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ကျင်းပပြုလုပ်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်က Video Message ဖြင့် မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ မှ ၂ နာရီအထိ "အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်ရှိ လုံခြုံရေးဆိုင်ရာ စစ်ဘက်အမြင်များ" ခေါင်းစဉ်ဖြင့် မျက်နှာစုံညီအစည်းအဝေးအစီအစဉ် ပထမပိုင်းကိုလည်းကောင်း၊ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ မှ ၄ နာရီ မိနစ် ၅၀ အထိ "အာရှ-ပစိဖိတ် ဒေသတွင်းလုံခြုံရေး" ခေါင်းစဉ်ဖြင့် အစည်းအဝေး ဒုတိယပိုင်းကိုလည်းကောင်း၊ ညနေ ၅ နာရီ မိနစ်၂၀ မှ ၇ နာရီအထိ "စစ်ဘက်ဆိုင်ရာဌာနများ၏ အပြန်အလှန်ဆက်ဆံရေး အခြေအနေများနှင့် မျှော်မှန်းချက်များ" ခေါင်းစဉ်ဖြင့် အစည်းအဝေးတတိယပိုင်းကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းပြုလုပ်နေစဉ် မွန်းလွဲ ၃ နာရီ ၅၂ မိနစ်မှ ၄ နာရီ ၈ မိနစ်အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်း Video Message ကိုပြသခဲ့သည်။

**သုံးသပ်ဆွေးနွေးသွားမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းအပြည့်အစုံမှာ မိမိအနေဖြင့် ယနေ့ကျင်းပပြုလုပ်သည့် ညီလာခံကိုလူကိုယ်တိုင် ပါဝင်တက်ရောက်လိုပါသော်လည်း လုပ်ငန်းတာဝန်များဖြင့် မအားလပ်ခြင်းကြောင့် ယခုကဲ့သို့ ဆွေးနွေးချက် ဗီဒီယို

ဖိုင်ဖြင့်သာ ပေးပို့၍ ပါဝင်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သော ညီလာခံတွင် **“အာရှ-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသော အာဆီယံအဖွဲ့၏ စည်းလုံးညီညွတ်မှု”**နှင့် ပတ်သက်ပြီး သုံးသပ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

အာရှ-ပစိဖိတ်ဒေသတွင် အာရှကုန်းမြေဒေသ၊ ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာတို့ အကျုံးဝင်နေပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင် ကမ္ဘာ့လူဦးရေ၏ထက်ဝက်ကျော်ဖြစ်သည့် ၄ ဒသမ ၃ ဘီလီယံကျော်နေထိုင်လျက်ရှိပြီး ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်တည်ရှိနေပါကြောင်း။

ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော်နေထိုင်လျက်ရှိသော အာရှ-ပစိဖိတ်ဒေသအတွက် စားနပ်ရိက္ခာ လုံခြုံမှုရှိရေးသည် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခု ဖြစ်လာပါကြောင်း၊ စားနပ်ရိက္ခာ လုံခြုံမှုရှိရေးတွင် အဓိကကျသော စိုက်ပျိုးရေးအတွက် လိုအပ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာများအပါအဝင် အထောက်အကူပြုပစ္စည်းများ ရောင်းဝယ်ရာ၌ အချို့နိုင်ငံများသည် ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲပြီး ဖြစ်လာသော ဒေါ်လာငွေကြေးကို လက်နက်သဖွယ် အသုံးချလျက်ရှိကြောင်း။

၂၀၂၂ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသ၏ ရောင်းကုန်ကုန်သွယ်ခြင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၁၉ ထရီလီယံခန့်ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုကုန်သွယ်ခြင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံခန့်ရှိခဲ့ပါကြောင်း၊ ကမ္ဘာ့ပင်လယ်ရေကြောင်း ကုန်သွယ်မှုသည် အာရှ-ပစိဖိတ်ဒေသတွင် အများဆုံးဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများအချင်းချင်း ကုန်သွယ်မှုပြုရာတွင် အာရှ-ပစိဖိတ်ဒေသ၌ ၅၉ ရာခိုင်နှုန်းခန့် ကုန်ချပြီး ၄၀ ရာခိုင်နှုန်းခန့် ကုန်တင်မှုများရှိပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ထိပ်တန်း ကွန်တိန်နာဆိပ်ကမ်း ၃၀ အနက် ၂၀ မှာ အာရှ-ပစိဖိတ်ဒေသတွင် တည်ရှိပြီး ကမ္ဘာ့ပင်လယ်ရေကြောင်း ကွန်တိန်နာပို့ဆောင်ရေးလမ်းကြောင်း၏ ၅၆ ရာခိုင်နှုန်းကိုလည်း ပိုင်ဆိုင်ထားပါကြောင်း။

**ရေနံလိုအပ်ချက် မြင့်တက်လာနိုင်**

အာရှ-ပစိဖိတ်ဒေသ၏ ရေနံထုတ်လုပ်မှုတွင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဦးဆောင်လျက်ရှိပြီး တရုတ်နိုင်ငံသည် ရေနံထုတ်လုပ်သည့်ထိပ်တန်းနိုင်ငံဖြစ်သော်လည်း ပြည်တွင်းသုံးစွဲမှုလိုအပ်ချက်အရ ပြည်ပနိုင်ငံများမှ ရေနံများတင်သွင်းရလျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တတိယရေနံသုံးစွဲမှုအများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၈ ဒသမ ၃ ရာခိုင်နှုန်းကို ထုတ်လုပ်ထားပြီး ဒေသတွင်းလိုအပ်ချက်အား ပြည့်မီနိုင်ရန် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၃၈ ရာခိုင်နှုန်းကို အာရှ-ပစိဖိတ်ဒေသတွင် သုံးစွဲလျက်ရှိပါကြောင်း၊ နိုင်ငံတကာစွမ်းအင်အေဂျင်စီ၏ အချက်အလက်များအရ အာရှ-ပစိဖိတ်

ကမ္ဘာ့အနေအထား မတည်ငြိမ်မှုနှင့် မလုံခြုံမှုတို့မှတစ်ဆင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျော့ပါးသွားစေရန် လုပ်ဆောင်ရာ၌ အာဆီယံကဲ့သို့သော ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများသည် အထူးအရေးကြီးသည့် ကဏ္ဍမှ ပါဝင်လျက်ရှိ၊ အပြန်အလှန် ဆွေးနွေးမှုများကို မြှင့်တင်ခြင်း၊ ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုများကို တိုးမြှင့်စေခြင်းနှင့် နိုင်ငံအများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးကျင့်သုံးခြင်းများသည် အာရှ-ပစိဖိတ်ဒေသအတွက် စိန်ခေါ်မှုများအား ရင်ဆိုင်ရာ၌ အထောက်အကူဖြစ်စေသည့်အပြင် မရေရာမတည်ငြိမ်သည့် ကမ္ဘာ့ပတ်ဝန်းကျင်အနေအထားအား တည်ငြိမ်အေးချမ်းပြီး သာယာဝပြောမှုတို့ကို ပြန်လည်ဖော်ဆောင်နိုင်ရန်အတွက်လည်း ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်။

ဒေသ၏ ရေနံလိုအပ်ချက်မှာ လက်ရှိကာလတွင် တစ်ရက်လျှင် ရေနံစည် ၃၀ ဒသမ ၈ သန်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်ရက်လျှင် ရေနံစည် ၃၈ ဒသမ ၅ သန်းအထိမြင့်တက်လာနိုင်သည့်အတွက် အာရှ-ပစိဖိတ်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဈေးကွက်ကြီးမားစွာ ဖြစ်ပေါ်နေပါကြောင်း။

အာရှ-ပစိဖိတ်ဒေသသည် လူဦးရေများပြားခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးတွင် အချက်အချာကျနေခြင်းတို့အပြင် လုံခြုံရေးအပါအဝင် ကဏ္ဍမျိုးစုံ၌ အရေးပါသည့် ဒေသဖြစ်လာသည့်အတွက် အမေရိကန်နိုင်ငံအပါအဝင် ဥရောပသမဂ္ဂနှင့် NATO အဖွဲ့ဝင်နိုင်ငံများကလည်း ၎င်းတို့၏ အကျိုးစီးပွားအတွက် အာရှ-ပစိဖိတ်ဒေသအပေါ် စိတ်ဝင်စားမှုမြင့်တက်လာပြီး ဒေသတွင်းနိုင်ငံများနှင့် တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်သော်လည်းကောင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လာသည်ကို တွေ့ရှိရပါကြောင်း။

ကပ်ရောဂါဖြစ်ပွားမှု၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများ၊ မဖြေရှင်းနိုင်သေးသည့် နယ်မြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုများနှင့် လတ်တလောပေါ်ပေါက်နေသော အရေးအခင်းများ၏ ပေါင်းစပ်သက်ရောက်မှုများကြောင့် မျက်မှောက်ကာလတွင် ကမ္ဘာကြီး၏ အနေအထားသည် ကြီးမားစွာ ကွဲပြားကွာဟမှုများနှင့် တွေ့ကြုံနေရပြီး လုံခြုံရေး ကဏ္ဍတွင်လည်း အပြိုင်အဆိုင်လွှမ်းမိုးနိုင်ရန် အပြင်းအထန် အားထုတ်မှုများနှင့်အတူ ကြီးမားသည့် အင်အားချိန်ခွင်လျှာ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ တည်ငြိမ်လုံခြုံမှု ပိုမိုလျော့နည်းလာသည့် ကမ္ဘာ့အနေအထားသည် အာရှ-ပစိဖိတ်ဒေသကြီး၏ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများ၌ သိသာထင်ရှားသည့် သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ကမ္ဘာ့အနေအထား မတည်ငြိမ်မှုနှင့်မလုံခြုံမှုတို့မှ တစ်ဆင့် ဖြစ်ပေါ်လာသောထိခိုက်မှုများကို လျော့ပါးသွားစေရန် လုပ်ဆောင်ရာ၌ အာဆီယံကဲ့သို့သော ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများသည် အထူးအရေးကြီးသည့်ကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ အပြန်အလှန် ဆွေးနွေးမှုများကိုမြှင့်တင်ခြင်း၊ ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုများကို တိုးမြှင့်စေခြင်းနှင့် နိုင်ငံအများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးကျင့်သုံးခြင်းများသည် အာရှ-ပစိဖိတ်ဒေသအတွက် စိန်ခေါ်မှုများအား ရင်ဆိုင်ရာ၌ အထောက်အကူဖြစ်စေသည့်အပြင် မရေရာမတည်ငြိမ်သည့် ကမ္ဘာ့ပတ်ဝန်းကျင်အနေအထားအား တည်ငြိမ်အေးချမ်းပြီး သာယာဝပြောမှုတို့ကိုပြန်လည် ဖော်ဆောင်နိုင်ရန်အတွက်လည်း ကူညီပံ့ပိုးပေးနိုင်မည် ဖြစ်ပါကြောင်း။

**စည်းလုံးညီညွတ်စွာ ဖော်ဆောင်နိုင်ခဲ့**

အာဆီယံအဖွဲ့အား ၁၉၆၇ ခုနှစ်တွင် ကနဦးအဖွဲ့ဝင်နိုင်ငံများဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အာဆီယံကြေညာချက်ကို လက်မှတ်ရေးထိုး၍ ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ၊ ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့က အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် ဝင်ရောက်လာခဲ့ပါကြောင်း၊ ဘာသာရေးအရ ကွဲပြားခြားနားမှုရှိသည့် အာဆီယံနိုင်ငံများသည် စတင်ဖွဲ့စည်းခဲ့စဉ် ချမှတ်ခဲ့သော အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူဝါဒများဖြစ်သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများအား ၎င်း၏ နှစ်ပေါင်း ၅၆ နှစ်တာသက်တမ်းတစ်လျှောက်လုံး ခိုင်ခိုင်မာမာ စွဲကိုင်ရပ်တည်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားကို စည်းလုံးညီညွတ်စွာဖြင့် ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

လက်ရှိကာလတွင် လူဦးရေ ၆၈၇ သန်းကျော်ရှိပြီး စီးပွားရေးအရလည်း GDP ဒေါ်လာ ၃ ဒသမ ၆၆ ထရီလီယံကျော်ရှိသော အာဆီယံသည် ၎င်း၏ ခိုင်မာတောင့်တင်းသောအင်အားနှင့် စွမ်းပကားကို အသုံးပြု၍ ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများစွာ၏ အကျိုးစီးပွားအတွက်လည်း ထမ်းရွက်ပံ့ပိုးပေးနိုင်သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြေပေါ်၊ မြေအောက်နှင့် ရေသယံဇာတများ ထုတ်ယူပြီး ကမ္ဘာကြီး၏ စွမ်းအင်လိုအပ်ချက်နှင့် စားနပ်ရိက္ခာလိုအပ်ချက်များအား တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနေလျက်ရှိပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသရှိ အာဆီယံအဖွဲ့သည် ဒေသတွင်းပေါင်းစည်းညီညွတ်ရေးနှင့် ပူးပေါင်း

ဆောင်ရွက်ရေးအတွက် မောင်းနှင်အား တစ်ခုဖြစ်လာခဲ့ပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း အစရှိသည့် စုဖွဲ့မှုများနှင့် အာဆီယံအဖွဲ့ဝင်များအကြား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

အာဆီယံအဖွဲ့သည် စစ်ရေးမဟာမိတ်အုပ်စု မဟုတ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးပေါင်းစည်းအင်အားမှာ ကြီးမားလှပါကြောင်း၊ စစ်ရေးအတွေ့အကြုံရှိသည့် ဗီယက်နမ်၊ မြန်မာနှင့် စွမ်းပကားထက်မြက်သောလက်နက်များပိုင်ဆိုင်ထားသည့် အာဆီယံနိုင်ငံများ၏ ပေါင်းစည်းအင်အားသည် ကမ္ဘာကြီးအတွက် အသင့်အတင့်အားထားနိုင်သော အခြေအနေတွင်ရှိပါကြောင်း၊ အာဆီယံအဖွဲ့သည် အာရှ-ပစိဖိတ်ဒေသအတွင်း ပြင်ပအင်အားကြီးနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ၊ အာဆီယံအပေါင်းသုံး အစရှိသည့် အာဆီယံနှင့်ပြင်ပမိတ်ဖက်နိုင်ငံများအကြား ဆွေးနွေးပွဲယန္တရားများတွင် အာဆီယံသည် အဓိကအချက်အချာကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအပေါ် ဩဇာသက်ရောက်လျက်ရှိပြီး ငြိမ်းချမ်းသော ဆက်ဆံရေးလမ်းကြောင်းများကို အားပေးမြှင့်တင်ကာ အကျိုးတူ ကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အားကောင်းစေလျက်ရှိပါကြောင်း။

ထို့ကြောင့် အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်ရာတွင် မရှိမဖြစ် အထူးအရေးပါနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဆီယံ၏ စည်းလုံးညီညွတ်မှု ခိုင်မြဲနေသမျှ အာဆီယံသည် အာရှ-ပစိဖိတ်ဒေသအတွက် အရေးပါသည့် အင်အားအဖြစ် ရှိနေမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို အားကြိုးမာန်တက် ဖော်ဆောင်လျက် ရှိချိန်တွင် တစ်ဖက်တွင်လည်း အဆိုပါ စည်းလုံးညီညွတ်မှုကို စိန်ခေါ်နေသော ခြိမ်းခြောက်မှုများလည်း ရှိနေပါကြောင်း။

**ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိ**

မိမိတို့မြန်မာနိုင်ငံနှင့်ပတ်သက်၍ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ အချို့ဒေသများမှအပ နေရာဒေသအများစုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအရ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ထားနိုင်ပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကိုကျင်းပပြီး အနိုင်ရရှိသော နိုင်ငံရေးပါတီအား ဒီမိုကရေစီစံနှုန်းနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း လုံခြုံမှုရှိစေရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

အာဆီယံဒေသသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ပေါင်းကူးပေးသည့်နေရာတွင်ရှိပြီး အာရှ-ပစိဖိတ်ဒေသ၏ ဗဟိုချက်အဖြစ် တည်ရှိလျက်ရှိပါကြောင်း၊ အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါလျက်ရှိသဖြင့် အနာဂတ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း နက်နဲရှုပ်ထွေးသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင်ဆောင်ရွက်ကာ ကျော်လွှားတုံ့ပြန်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား အငြင်းပွားမှုများနှင့် ပြဿနာများအား ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာသွားရမည်ဖြစ်ပြီး ရရှိလာသောအခွင့်အလမ်းများကို အမိအရအသုံးချ၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

■ ■ ■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၁၉ - ၈ - ၂၀၂၃ )




ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ(၁၉)ရက်နေ့ မွန်းလွဲပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နေပြည်တော်ကို နိုင်ငံ၏မြို့တော်ပီသအောင် ဆောင်ရွက်**

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နေပြည်တော်သည် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်ပြီး အုပ်ချုပ်ရေး၏ဗဟိုချက်ဖြစ်သဖြင့် နေပြည်တော် တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကို နိုင်ငံ၏မြို့တော်ပီသအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် ၎င်းထံ လှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ ဘုရားကြီးတည်ထားကိုးကွယ်ရာတွင် ခမ်းခမ်းနားနားနှင့် အကောင်းဆုံးဖြစ်စေရန် ကြိုတင်မြော်တွေးပြီး စဉ်းစားဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားတည်ထားရန် မြေနေရာရွေးချယ်ဆောင်ရွက်မှုများကိုလည်း တစ်ပါတည်း

လှူဒါန်းသည့်မြေပေါ်တွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခင် မူလအလှူရှင်မှ လှူဒါန်းထားသည့် ကျောက်တုံးတော်ကြီးကို ဆင်းတုတော်ထုဆစ်နိုင်ရေး အကောင်းဆုံး ကျောက်သားရရှိမှုကို တွက်ချက်ခဲ့ပြီး ဉာဏ်တော် ၆၃ ပေရှိသည့် ဆင်းတုတော်ကြီး ထုဆစ်နိုင်ရန် လိုအပ်သည့် ကျောက်တုံးတော်ရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ဂန္ဓကုဋိတိုက်များနှင့် သုဓမ္မာဇရပ်များကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ကျောက်လုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာ ဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဿဝါဒါစရိယ ဆရာတော်ကြီးများ၏ ဿဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့ကြောင်း။

**အသေးအဖွဲမှအစ အလေးထားထိန်းသိမ်းဆောင်ရွက်**

မာရဝိဇယ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ချိန်တွင် အခက်အခဲအချို့ ကြုံတွေ့ခဲ့ရသော်လည်း လုပ်ငန်းများအဆင်ပြေ ချောမွေ့စွာဖြင့် အောင်မြင်ပြီးစီးခဲ့ကြောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်သည့်နေ့တွင် ရုပ်ပွားတော် တည်ဆောက်ရေးအတွက် ရရှိသည့် လှူဒါန်းငွေအစုစုကို စာရင်းပိတ်၍ ရေစက်ချလှူဒါန်းပြီးဖြစ်ကြောင်း၊ မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ကြောင်း၊ ဆင်းတုတော်ကြီး ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အနုပညာလက်ရာများကိုလည်း အမြင့်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် သာသနိက အဆောက်အအုံများ၊ ရင်ပြင်တော်များနှင့် ဘုရားပရိဝုဏ်တော်ကြီးတစ်ခုလုံးအား စကျင်ကျောက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကဲ့သို့ ကြီးကျယ်ခမ်းနား ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ခဲ့မှုသည် အခြားမည်သည့်နေရာတွင်မျှ မရှိနိုင်ကြောင်း၊ စကျင်ကျောက်တော်ကြီး ပေါ်ထွန်းလာနိုင်မှု၊ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်မှုနှင့် ကာလဒေသတို့အရလည်း ၎င်းကဲ့သို့ ထပ်မံတည်ဆောက်ရန် မဖြစ်နိုင်ကြောင်း၊ စကျင်ကျောက်ဆိုသည်မှာ မြန်မာ့ထုံးတမ်းစဉ်လာအရ ရတနာတန်းဝင် အဖိုးတန်ကျောက်ဖြစ်ပြီး လာရောက်ဖူးမြော်သူများအနေဖြင့် ငြိမ်းချမ်းမှု၊ အေးမြမှု၊ ဂုဏ်ကျက်သရေရှိမှု စသောဂုဏ်သတ္တိများကို ရရှိနိုင်ကြောင်း၊ ထို့ကြောင့် ပျက်စီးမှုများ မရှိစေရေး စနစ်တကျဖြင့် အသေးအဖွဲမှအစ အလေးထားထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စကျင်ကျောက်များဖြင့် ထုဆစ်ထားခြင်းဖြစ်သဖြင့် အမြဲသန့်ရှင်းမှုများရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် လိုအပ်နိုင်မည့် ပစ္စည်းများကိုလည်း အရန်ထားရှိ၍ လိုအပ်သည့်အချိန်တွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်

**စကျင်ကျောက်ဆိုသည်မှာ**
**မြန်မာ့ထုံးတမ်းစဉ်လာအရ ရတနာတန်းဝင်**
**အဖိုးတန်ကျောက်ဖြစ်ပြီး**
**လာရောက်ဖူးမြော်သူများအနေဖြင့်**
**ငြိမ်းချမ်းမှု၊ အေးမြမှု၊ ဂုဏ်ကျက်သရေရှိမှု**
**စသောဂုဏ်သတ္တိများကို ရရှိနိုင်၊ ထို့ကြောင့်**
**ပျက်စီးမှုများ မရှိစေရေး စနစ်တကျဖြင့်**
**အသေးအဖွဲမှအစ အလေးထားထိန်းသိမ်း**
**ဆောင်ရွက်သွားကြရန်လို၊**
**စကျင်ကျောက်များဖြင့် ထုဆစ်ထားခြင်း**
**ဖြစ်သဖြင့် အမြဲသန့်ရှင်းမှုများရှိစေရေး**
**ထိန်းသိမ်းဆောင်ရွက်နေရန်လို၊**
**ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင်**
**လိုအပ်နိုင်မည့် ပစ္စည်းများကိုလည်း**
**အရန်ထားရှိ၍ လိုအပ်သည့်အချိန်တွင်**
**အချိန်နှင့်တစ်ပြေးညီ**
**ပြင်ဆင်ဆောင်ရွက်နိုင်ရန်လို။**

ဆောင်ရွက်နိုင်ရန်လိုကြောင်း။

**လိုအပ်ချက်များကို ကြိုတင်တွက်ချက်**

ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ကြိုတင်တွက်ချက် စဉ်းစားထားရန်လိုကြောင်း၊ လုံခြုံရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးများ အသုံးပြုခြင်းများအတွက် ဝန်ထမ်းများ ခန့်ထားရန်လိုကြောင်း၊ ယင်းတို့အတွက် ကုန်ကျစရိတ်များ စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းများလည်း ကျန်ရှိသကဲ့သို့ လိုအပ်သည့် ယာဉ်ယန္တရားအပိုပစ္စည်းများ ဖြည့်တင်းရန်လည်း လိုအပ်ကြောင်း၊ အချို့နိုင်ငံများရှိဘုရားများ၌လည်း ဝင်ကြေးများ ပေးဆောင်၍ ဝင်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သာမန်ပြည်သူများဖူးမြော်နိုင်သည့် သတ်မှတ်နှုန်းထားများကိုသာ သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်း၊ ဘုရားကြီး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂေါပကအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်ရန်လိုကြောင်း၊ ဂေါပကအဖွဲ့ ဖွဲ့စည်းရာတွင်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်အပ်နိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ဘုရားကြီး ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် အမြဲစိမ်းလန်းစိုပြည်နေစေရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုစနစ်တကျဖြင့်ဆောင်ရွက်နေရန်လိုကြောင်း၊ စိုက်ပျိုးထားသည့် မဟာဗောဓိညောင်ပင်အပါအဝင် အခြားသစ်ပင်များ အမြဲရှင်သန်ဖြစ်ထွန်းနေစေရေး ဆောင်ရွက်နေရန်လိုကြောင်း၊သာသနိကအဆောက်အအုံများထိန်းသိမ်းပြင်ဆင်ဆောင်ရွက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လုပ်ငန်းများအားလုံးကို စနစ်တကျဖြင့် စဉ်းစားစီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးရန်လည်းလိုကြောင်း၊ ထို့ကြောင့် ကမ္ဘာ့အထင်ကရဖြစ်သည့် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစောက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပ၊ တန်ခိုးတော်ကြီးမား ကမ္ဘာတည်သရွေ့ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့နေစေရန်နှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွားစည်ပင် တိုင်းပြည်အေးချမ်းသာယာတိုးတက်စည်ကားစေရန် ရည်ရွယ်လျက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများအား စနစ်တကျဆောင်ရွက်နိုင်ရန် ဖွဲ့စည်းစီမံဆောင်ရွက်ခြင်းဆိုင်ရာများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ၊ ဝန်ထမ်း၊ ကျောင်းသား၊ ကျောင်းသူများ နေ့အလိုက်လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိမှုနှင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ လှူဒါန်းလျက်ရှိမှု၊ E-Ticket ဝင်ခွင့်လက်မှတ်ဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ငွေကြေးကောက်ခံရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ရဟန်း၊ သံဃာ၊ သီလရှင်များ၊ ကျောင်းအစီအစဉ်ဖြင့် လာရောက်သည့် ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ ဖူးမြော်ခွင့်နှင့် ဝန်ထမ်းများအား ဝန်ထမ်းကတ်ဖြင့် ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံရန် ဆောင်ရွက်ထားရှိမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ ကျောက်စာရုံ ဘုရားစေတီများအပါအဝင် တန်ဖိုးမဖြတ်နိုင်လောက်သည့် သာသနိကအဆောက်အအုံများ နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပ ကမ္ဘာတည်သရွေ့ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့စေရေး၊ တိုးတက်စည်ပင်အောင် ဆောင်ရွက်နိုင်ရေးနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓသန္တကပစ္စည်းများကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးဆောင်မှုပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့၊ ထိန်းသိမ်းစောင့်ရှောက်ရေးဦးစီးကော်မတီ၊ ဂေါပကအဖွဲ့၊ ဂေါပကအကြံပေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ လုံခြုံရေးဆိုင်ရာများနှင့် ဘုရားကြီးဝေယျာဝစ္စနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂေါပကအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကဏ္ဍများအလိုက် လိုအပ်သည့် ဌာနများ ဖွဲ့စည်းရန် လျာထားမှုများကိုလည်းကောင်း၊ ဗိုလ်မှူးချုပ်

ဇော်နိုင်ဦးက ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများအား Drone ဖြင့် 360 ဒီဂရီ ဗီဒီယိုမှတ်တမ်းရိုက်ကူးထားရှိမှု၊ ရဟန္တာ ကျောင်းဆောင်တော် နှစ်ဆောင်ဆောက်လုပ်ရန် လျာထားဆောင်ရွက်နေမှု၊ ဂန္ဓကုဋိတိုက်အပြင်ဘက်တွင် အင်္ဂတေစိန်တောင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အာရုံခံတန်ဆောင်း နှစ်ဆောင်တည်ဆောက်နေမှု၊ လက်ဆေးဘေစင်များ တပ်ဆင်ပြီးစီးမှု၊ မော်ကွန်းတိုက်အတွင်းပစ္စည်းများ ထည့်သွင်းပြသထားရှိမှု၊ ဆွမ်းစားဆောင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင် စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မုခ်ဦးများ၌ လက်မှတ်အရောင်းဌာနများ တည်ဆောက်ရန် လျာထားမှု၊ ရေပန်းဝိုင်းအလှူရှင် ကမ္ပည်းများ တပ်ဆင်ရန်လျာထားမှု၊ ပန်းအလှပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးနေသည့် အခြေအနေများ၊ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရေးအတွက် သန့်ရှင်းရေးနှင့် စောင့်ကြည့်ဝန်ထမ်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ဘုရားကြီးသန့်ရှင်း သာယာလှပရေးအတွက် စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီး ဦးမျိုးသန့်က အမြန်လမ်းမှ ဘုရားကြီးသို့ အဝင်လမ်း ဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဂိတ်၊ စစ်ဆေးရေးဂိတ်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက မြတ်မင်္ဂလာလမ်း အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက နည်းပညာမှတ်တမ်းစာအုပ်နှင့် ဒီဇိုင်းပိုင်းဆိုင်ရာ မှတ်တမ်းစာအုပ်များ ပြုစုဆောင်ရွက်ထားရှိမှု၊ ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်သွားရမည့်အချက်များနှင့် နည်းလမ်းများ ပြုစုဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက မာရဝိဇယဘုရားကြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**ဘုရားကြီးအတွင်းသို့ စည်းကမ်းမဲ့ ဝင်ရောက်မှုများ မရှိစေရေး ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးအတွင်းသို့ စည်းကမ်းမဲ့ ဝင်ရောက်မှုများမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများသွားလာမှု အဆင်ပြေစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီး သုံးစွဲမှု သက်သာစေရေးအတွက်လည်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှုကို လျှော့ချပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မီးများကိုလည်း တပ်ဆင်ပေးထားကြောင်း၊ သောက်သုံးရေများလည်းစဉ်ဆက်မပြတ် ရရှိအောင် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဘုရားကြီးပတ်ဝန်းကျင် စိမ်းလန်းသာယာစိုပြည်စေရေးအတွက် စိုက်ပျိုးထားသည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်နှင့် မြက်ဖြတ်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ ဘုရားဖူးကားများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများကိုလည်း ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးတည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ငွေကြေးများရရှိရေး စက်တင်ဘာ ၃ ရက်နောက်ပိုင်းတွင် ဝင်ကြေးငွေ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ရရှိသည့် အခြေအနေအပေါ် မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား

( ၂၅ - ၈ - ၂၀၂၃ )




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃)ကို ဩဂုတ်လ(၂၅)ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ၂၀၂၁ ခုနှစ်မှ ယနေ့ကာလအထိ စီးပွားရေးဆိုင်ရာ သုံးသပ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးကော်မတီသည် နိုင်ငံ၏ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အရေးကြီးသည့် ကော်မတီတစ်ခုဖြစ်ကြောင်း၊ စီးပွားရေးတွင် ပြည်တွင်းစီးပွားရေးနှင့် ပြည်ပစီးပွားရေး နှစ်ခုရှိကြောင်း၊ ကိုဗစ်ကာလအတွင်း ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့သည့်အပြင် ပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းရပ်များတွင်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကြောင့် ကုန်သွယ်ရေးကိုလည်း ထိခိုက်စေခဲ့ပြီး နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ကြောင်း၊ ကိုဗစ်ကာလတွင် မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ တစ်ကမ္ဘာလုံး စီးပွားရေးကျဆင်းခဲ့ကြောင်း၊ အလားတူ အခြားနိုင်ငံများတွင်လည်း ဘဏ်လုပ်ငန်းဆိုင်ရာ နှောင့်နှေးမှုများကြောင့် အချိန်မီ ငွေပေးချေနိုင်ခြင်းများမရှိခဲ့ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ ကန့်သတ်ချက်ရှိခြင်း၊ သင်္ဘောလိုင်းများ ငှားမရခြင်းတို့ကြောင့် မိမိတို့နိုင်ငံ၏ ပြည်ပကုန်သွယ်မှုကို ထိခိုက်စေခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲနောက်ပိုင်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကြောင့် ဆူပူဆန္ဒပြမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး ကုန်ထုတ်လုပ်မှုများ ကျဆင်းခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ၊ သင်္ဘောများကုန်တင်ရန် ကြန့်ကြာခြင်းများ

ဖြစ်ခဲ့ကြောင်း။

ယခင် ဒီမိုကရေစီ အစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ အစိုးရတစ်ဆက်လျှင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော် ခန့်စီရှိပြီး စုစုပေါင်း ၂၅ ဘီလီယံခန့် ကုန်သွယ်မှုလိုငွေ ဖြစ်ခဲ့ကြောင်း၊ ၎င်းလိုငွေများကို ထောက်ပံ့ကူညီမှုနှင့် ချေးငွေရယူမှုတို့ဖြင့်သာ ကျားကန်ရပ်တည်ခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဆူပူအကြမ်းဖက်မှုများကြောင့် ကုန်ထုတ်လုပ်မှုထိခိုက်ပြီး ပို့ကုန်များကျဆင်းခဲ့ကြောင်း၊ ဝိုင်းဝန်းပိတ်ဆို့မှု ဖျက်လိုဖျက်ဆီးလုပ်မှုများအကြားမှ နိုင်ငံ့စီးပွားရေးကို ရပ်တည်နိုင်အောင် ကြိုးပမ်းခဲ့ရကြောင်း၊ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တို့တွင် နိုင်ငံ့ GDP တိုးတက်မှု အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အပေါင်း ၃ ရာခိုင်နှုန်းအထက် ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ GDP ၉ ရာခိုင်နှုန်းအထက်ရှိအောင် ဆောင်ရွက်ခဲ့ခြင်း ပင်ဖြစ်ကြောင်း၊ ၎င်းကာလအတွင်း၌ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ ပြည်သူပိုင်အဆောက်အအုံများကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည်များလည်း တွေ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးရမည့် ငွေများကို ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည် ဆောက်ရေး၌ သုံးခဲ့ရသဖြင့် စီးပွားရေးတိုးတက်မှု ရသင့် သလောက် မရခဲ့သည်ကို ပြည်သူများအားလုံး သိရှိရန်လို ကြောင်း။

**စီးပွားရေးပြန်လည်တိုးတက်အောင် လုပ်ဆောင်ခဲ့မှု**

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကိုဗစ်ကာလ အတွင်း ထိခိုက်မှုများရှိခဲ့သော်လည်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အတတ်နိုင်ဆုံး အထိခိုက်မခံဘဲ ဆောင်ရွက် စေသကဲ့သို့ အများစု အလုပ်လုပ်ကိုင်ကြရသည့် CMP လုပ်ငန်းများကိုလည်း ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး စီးပွားရေး တိုးတက်မှုရှိအောင် ဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကကုန် ထုတ်လုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းမြှင့်တင်ရန်လည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်ဖက် မှလည်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်များရှိကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ ရေရှည်စီမံချက်ဖြင့် ဆောင်ရွက် သည့် စီမံကိန်းကြီးများ နှောင့်ယှက်မှုများရှိသဖြင့် ရပ်ဆိုင်း ခဲ့ရသည့် အကျိုးဆက်ပင်ဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ် သည့် စားသုံးဆီများကို ပြည်ပမှနှစ်စဉ် အမေရိကန် ဒေါ်လာ သန်း ၆၀၀ ကျော်ဖိုးခန့် တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများပြားလျက်ရှိကြောင်း၊ ခေတ် အဆက်ဆက်တွင်ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိအောင် ဆောင်ရွက်နိုင်သော်လည်း ထိရောက်စွာ ဆောင်ရွက်ခဲ့ခြင်း မရှိသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စားသုံးဆီထုတ်လုပ်မှုများ မြင့်မားလာစေရေး နိုင်ငံ့စီးပွား ရန်ပုံငွေများထုတ်ပေး၍ ပြည်တွင်းဆီထုတ်လုပ်မှုမြှင့် တင်ကာ ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းစားသုံးဆီဖူလုံပြီး ၎င်းမှတစ်ဆင့် ပြည်ပသို့ပြန်လည်တင်ပို့နိုင်သည့် Exporter အဆင့်သို့ရောက်ရှိအောင် ရည်မှန်းဆောင်ရွက် လျက်ရှိကြောင်း။

မိမိတို့ရသင့်ရထိုက်သည့် နိုင်ငံခြားငွေများကို မရရှိ အောင် နည်းအမျိုးမျိုးဖြင့် တားဆီးထားပြီး စီးပွားရေး အကျပ်အတည်းဖြစ်အောင် ဆောင်ရွက်ခဲ့မှုများရှိသဖြင့် ဝင်ငွေ၊ ထွက်ငွေမျှတမှုရှိစေရေး နိုင်ငံနှင့်ပြည်သူလူထု အတွက် အရေးကြီးသည့် ကုန်စည်တင်သွင်းခြင်းနှင့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ရကြောင်း၊

**မိမိတို့ တာဝန်ယူချိန်တွင်**
**စီးပွားရေးအရစတင်တိုက်ခိုက်ရာ၌**
**ဘဏ်များကို အဓိကထားတိုက်ခိုက်ခဲ့၊**
**ဘဏ်အချို့ အခြေအနေဆိုးရွားခဲ့၊**
**ဘဏ်စနစ်ပြိုလဲသွားပါက တိုင်းပြည်**
**စီးပွားရေး ပြိုလဲသွားနိုင်သဖြင့်**
**မိမိကိုယ်တိုင် တာဝန်ရှိသူများဖြင့်**
**တိုင်ပင်ညှိနှိုင်း၍ လိုအပ်သည့် ကူညီမှု၊**
**ထောက်ပံ့မှု၊ ရပ်တည်မှုများ**
**ဆောင်ရွက်ပေးခဲ့ရ၊ ဘဏ်များပြိုလဲမှု**
**မရှိစေရေး နိုင်ငံတော်မှ ထိန်းသိမ်းကြပ်မတ်**
**ဆောင်ရွက်ပေးခဲ့။**

အဆိုပါ အခြေအနေအပေါ်တွင် သတင်းမှားများဖန်တီးခဲ့ပြီး ကုန်ဈေးနှုန်းများကို ဆွဲတင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးအတွက် လိုအပ်သော စက်သုံးဆီနှင့် မြေဩဇာများလုံလောက်စွာ ရရှိရေးနှင့် အချိန်မီရရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော်လည်း ဈေးနှုန်းကြီးမြင့်မှုများရှိနေခြင်းသည် ဥပမာတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေများနှင့်ပတ်သက်ပြီး မိမိတို့စီးပွားရေးကော်မတီအနေဖြင့် ခြုံငုံနားလည်ထားရန်လိုကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် နိုင်ငံ၏ အခြေအနေအရပ်ရပ်ကို သုံးသပ်ဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မိမိတို့ကော်မတီအနေဖြင့် မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ဆောင်ရွက်သင့်သည်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ Quick Win ဖြစ်မည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကုန်ဈေးနှုန်းများ မြင့်တက်စေရန်အတွက် အချို့ဝိသမလောဘသမားများ၏ ဈေးကစားနေမှုများရှိကြောင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

ငွေကြေးဈေးကွက်ကို အဓိက ကစားနေကြသူများမှာ ပြည်တွင်းကျပ်ငွေ၊ နိုင်ငံခြားငွေနှင့် ရွှေကိုင်ထားကြသူများက ဈေးကစားနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားငွေကိုင်ထားသူများက ၎င်းတို့ နိုင်ငံခြားငွေတန်ဖိုးတက်စေရန်၊ မြန်မာကျပ်ငွေကိုင်ထားသူများက ရွှေဝယ်၍ ရွှေဈေးတက်အောင်ဆောင်ရွက်နေကြသည်ကိုတွေ့ရကြောင်း၊ အလားတူ မော်တော်ယာဉ်များ၏ ဈေးနှုန်းမှာလည်း ထိုက်သင့်သည့်ဈေးထက် များပြားနေသည်ကို တွေ့ရကြောင်း၊ ငွေကိုင်ထားသူများအနေဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိမည့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံခြင်းထက် ငွေရလွယ်ပြီး အမြတ်များများရနိုင်မည့် လုပ်ငန်းများကိုသာ လုပ်ကိုင်လိုခြင်းကိုလည်း နည်းမှန်လမ်းမှန်ဖြစ်အောင် ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေများနှင့် ရွှေဈေးနှုန်းများတည်ငြိမ်မှုရှိစေရေးအတွက် မိမိတို့ကော်မတီအနေဖြင့် စနစ်တကျသုံးသပ်ကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း။

**တရားမဝင်ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)များဖြင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အိမ်နီးချင်းနိုင်ငံအချို့၌ စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိကြောင်း၊** တရားမဝင် ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်နေမှုများကြောင့် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေလျက်ရှိသဖြင့် ဖော်ထုတ်အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ငွေကြေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုကြောင်း။

**မိမိတို့ တာဝန်ယူချိန်တွင် စီးပွားရေးအရစတင်တိုက်ခိုက်ရာ၌ ဘဏ်များကို အဓိကထားတိုက်ခိုက်ခဲ့ကြောင်း၊ ဘဏ်အချို့ အခြေအနေဆိုးရွားခဲ့ကြောင်း၊ ဘဏ်စနစ် ပြိုလဲသွားပါက တိုင်းပြည်စီးပွားရေး ပြိုလဲသွားနိုင်သဖြင့် မိမိကိုယ်တိုင်တာဝန်ရှိသူများဖြင့် တိုင်ပင်ညှိနှိုင်း၍ လိုအပ်သည့် ကူညီမှု၊ ထောက်ပံ့မှု၊ ရပ်တည်မှုများ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ ဘဏ်များပြိုလဲမှုမရှိစေရေး နိုင်ငံတော်မှ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးခဲ့**ကြောင်း၊ ဘဏ်များ၌ ငွေထုတ်မရအောင် ATM စက်များ အလုပ်မလုပ်နိုင်စေရန် ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ နိုင်ငံတော်က ထိုသို့ဆောင်ရွက်ပေးခဲ့သော်လည်း ဘဏ်အချို့၏ ဆောင်ရွက်မှုမှာ ၎င်းကာလကတည်းက သံသယရှိဖွယ်များ တွေ့ရှိရကြောင်း၊ သတင်းစာရှင်းလင်းပွဲများ၌လည်း ပြောကြားခဲ့ကြောင်း၊ ယခုအချိန်အထိလည်း အချို့သောဘဏ်များအနေဖြင့် ရိုးဖြောင့်စွာ လုပ်ကိုင်ဆောင်ရွက်မှုမရှိသည်ကို တွေ့နေရကြောင်း၊ **ဘဏ်များ၏ လုပ်ဆောင်ချက်များကို စနစ်တကျ စောင့်ကြည့်သုံးသပ်၍ လုပ်ဆောင်ကြရမည်ဖြစ်**ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပို့ဆောင်ရေးလုပ်ငန်းများတွင် ထိရောက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စီမံခန့်ခွဲမှုအားနည်းချက်များကြောင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ရပ်တန့်ထားခဲ့ရကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်

ရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စက်ရုံအလုပ်ရုံများ ပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သွင်းကုန်များနှင့်ပတ်သက်၍ လိုအပ်သည့် ကုန်ကြမ်းများကို နိုင်ငံအတွင်း၌ ထုတ်လုပ်၍ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်ကုန်များ ထုတ်လုပ်နိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် အကျိုးအမြတ်အလွယ်တကူဖြင့် မြီးမြီးမြက်မြက်ရရှိနိုင်သည့် လုပ်ငန်းများကိုသာ အဓိကဆောင်ရွက်လိုကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ နည်းပါးခြင်းကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုနည်းပါးသဖြင့် ပြည်ပမှ သွင်းကုန်များ နှစ်စဉ်တင်သွင်းနေရကြောင်း။

မိမိတို့နိုင်ငံတွင် အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များရှိပြီးဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ထိရောက်စွာ ဆောင်ရွက်နိုင်မှု မရှိခဲ့သဖြင့် တိုးတက်မှုများ နည်းပါးခဲ့ကြောင်း၊ **အထူးစီးပွားရေးဇုန်များဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်တို့သည် မိမိတို့နိုင်ငံအတွက်သာမက အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုသဖြင့် တိုးတက်မှုအမြန်ဆုံးရရှိရန်နှင့် အလုပ်ဖြစ်ရန် အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းများသည်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်သောကြောင့် စီမံကိန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း။**

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို အားပေးချီးမြှင့်**

**စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုယ်ကျိုးသက်သက်ကိုသာ ဦးစားပေးသည့် ဝိသမလောဘသမားများရှိသကဲ့သို့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည့် စီးပွားရေးလုပ်ငန်းရှင်များလည်းရှိကြောင်း၊ ၎င်းတို့ကို နိုင်ငံတော်အနေဖြင့် အားပေးချီးမြှင့်မှု (Incentive)များ လုပ်ဆောင်ပေးရန်လိုကြောင်း၊** ယခင်က ပြည်ပပို့ကုန်တင်ပို့နေမှုများ၌ ပို့ကုန်ရငွေကို ၁၀၀ ရာခိုင်နှုန်း အပ်နှံစေခဲ့ကြောင်း၊ နောက်ပိုင်း၌ ၆၅ ရာခိုင်နှုန်း ဖြေလျှော့ပေးခဲ့ကြောင်း၊ ယခုလက်ရှိကာလတွင် ၅၀ ရာခိုင်နှုန်းအထိ ဖြေလျှော့ပေးခဲ့ကြောင်း၊ ယခင် ၁၀၀ ရာခိုင်နှုန်းအပ်နှံစေခဲ့စဉ်က စေ့ဒက မရှိသလောက်ဖြစ်သော်လည်း ၆၅ ရာခိုင်နှုန်းတွင် စေ့ဒကများရှိလာပြီး ယခု ၅၀ ရာခိုင်နှုန်း၌ ပိုမိုများပြားလာကြောင်း၊ ယင်းအတွက်လည်း ရှင်းလင်းပြပြီးဖြစ်ကြောင်း၊ **ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရအနေဖြင့် ဝင်ရောက်ကိုင်တွယ်မှုကို လျှော့နိုင်သမျှ လျှော့ရမည်ဖြစ်ကြောင်း၊ သို့သော် လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးအရ တိုက်ခိုက်မှု၊ ပိတ်ဆို့မှုနှင့် နိုင်ငံ့စီးပွားရေးပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကြောင့် အစိုးရအနေဖြင့် ဝင်ရောက်ထိန်းညှိ ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ကို ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အတွက် လိုအပ်သည့် ကုန်ထုတ်လုပ်မှု ဆောင်ရွက်နေမှုများအပေါ်**

အထူးစီးပွားရေးဇုန်များဖြစ်သည့်
ကျောက်ဖြူအထူးစီးပွားရေးဇုန်၊
ထားဝယ်အထူးစီးပွားရေးဇုန်၊
သီလဝါအထူးစီးပွားရေးဇုန်တို့သည်
မိမိတို့ နိုင်ငံအတွက်သာမက အိမ်နီးချင်းနှင့်
ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့်
ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်
အထောက်အကူပြုသဖြင့် တိုးတက်မှု
အမြန်ဆုံးရရှိရန်နှင့် အလုပ်ဖြစ်ရန်
အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်၊ အလားတူ
ကျောက်ဖြူရေနက်ဆိပ်ကမ်း၊
ထားဝယ်ရေနက်ဆိပ်ကမ်းများသည်လည်း
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ
ပြုစေနိုင်သောကြောင့် စီမံကိန်းများ
အမြန်ဆုံး အကောင်အထည်ဖော်
ဆောင်ရွက်နိုင်ရန်လို။

**အကောင်းဆုံးဖြစ်အောင်စဉ်းစား၍ အားပေးချီးမြှင့်မှု(Incentive)များ ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

**စီးပွားရေးစဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဇုန်များ စစ်ဆေးဆောင်ရွက်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေး နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ၊ စက်မှုဇုန်ကို သတ်မှတ်၍ မြေနေရာများချပေးထားကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရာချထားပေးသည့် မြေနေရာများကိုလည်း အမှန်တကယ် အသုံးပြုရန်လိုကြောင်း၊ အချို့မွေးမြူရေးဇုန်များ၌ လုပ်ငန်းများဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ အလားတူ စိစစ်ကြပ်မတ်မှုများ အားနည်းခြင်းကြောင့် စက်မှုဇုန်များ၌လည်း စက်မှုလုပ်ငန်းများနှင့်မသက်ဆိုင်သည့် လူနေအိမ်များ တည်ဆောက်ထားရှိမှုများကို စိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးဇုန်များ၊ စက်မှုဇုန်များ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မြေနေရာယူထားပြီး မလုပ်ကိုင်မှုများရှိပါက အမှန်တကယ် လုပ်ကိုင်လိုသူများကို ပြန်လည်ချထားပေးရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အထောက်အကူပြုသည့် စက်ယန္တရားများ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများအတွက် တိုက်ရိုက် (သို့မဟုတ်)သွယ်ဝိုက်အကျိုးပြုစေမည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း။

**ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေး**

မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသထွက်စားသောက်ကုန်များ သန့်ရှင်းကောင်းမွန်မှုများရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ တည်းခိုရေးနှင့်သက်ဆိုင်သည့် ဟိုတယ်များနှင့်တည်းခိုခန်းများ၊ စားသောက်ရေးနှင့် အသုံးအဆောင်ပစ္စည်းများ အဆင့်အတန်းရှိရှိဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသာမက ဝန်ဆောင်မှု လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းများတွင် ဘဏ်စနစ်များ၊ သယ်ယူပို့ဆောင်ရေးစနစ်များ ကောင်းမွန်နေရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အားလုံးမှ အမြင်ကျယ်ကျယ်ဖြင့် ရှုမြင်သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် စီပွားရေးရာကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အားကစားကဏ္ဍဖွံ့ဖြိုး

တိုးတက်ရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်မှုအခြေအနေများ၊ လမ်းများအဆင့်မြှင့်တင်ခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေးခြင်းနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ GDP တိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်ဆံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလုပ်ငန်းရှင်များအား ကုမ္ပဏီများ မှတ်ပုံတင်ဖွဲ့စည်းခွင့်ပြုပေးမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များကို အားပေးဆောင်ရွက်လျက်ရှိမှုနှင့် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆီအုန်းသီးနှံစိုက်ပျိုးရေးနှင့် ထုတ်လုပ်နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများတိုးတက်စေရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုအခြေအနေများကိုလည်းကောင်း၊ တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်ကုန်များကို ပြသဆောင်ရွက်နိုင်ခဲ့မှု၊ တရားမဝင် ကုန်သွယ်မှုများမရှိစေရေး စစ်ဆေးဆောင်ရွက်လျက်ရှိမှုနှင့် တရားမဝင်ကုန်သွယ်မှုဆောင်ရွက်သူများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် ကုမ္ပဏီများမှ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးမှုနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ဆီအုန်းသီးနှံများစိုက်ပျိုးရာတွင် စနစ်တကျဖြင့်လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆီကြိမ်းမှ ဆီချောထုတ်ပေးသည့်စက်များ အမြန်ဆုံးတည်ဆောက်နိုင်ရေးနှင့် လုပ်ငန်းများ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆီကြိမ်းစက်ရုံများနှင့် ဆီချောစက်ရုံများကို ဆီထုတ်လုပ်ရန်အတွက် အဓိကကျသည့် နေရာများတွင် တည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့မှ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်စည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုဆောင်ရွက်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမြေများအား အခြားနည်းဖြင့် သုံးစွဲရာတွင် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီသာ ဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်မှာကြားပြီး လုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဓိကအားဖြင့် နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးဇုန်များဖြင့် ဆောင်ရွက်ခြင်းသည် အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးဇုန်များ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ လက်ရှိအခြေအနေများအရ မိမိတို့နိုင်ငံအနေဖြင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် Border Trade နှင့် Normal Trade နှစ်ခုလုံးကို မျှတအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဈေးကွက်နှင့်ပတ်သက်၍လည်း တစ်ခုတည်းကို မှီခိုခြင်းထက် အခြားဈေးကွက်များ ရရှိရေးအတွက်လည်း ဆောင်ရွက်ထားရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ကြိုတင်မျှော်တွေး ဆောင်ရွက်ထားရန်လိုကြောင်း။

ကုန်စည်စီးဆင်းမှုများ မြန်ဆန်ရေးသည်လည်း အရေးကြီးကြောင်း၊ လမ်းခရီးတစ်လျှောက် မလိုလားအပ်သည့် ငွေကြေးပေးဆောင်ရမှုများ မရှိစေရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုများ ဆောင်ရွက်ရာတွင်လည်း လမ်းကြောင်းတစ်ခုတည်းကို အဓိကထားအသုံးပြုခြင်းထက် အခြားလမ်းကြောင်းများကိုလည်း စဉ်းစားဆောင်ရွက်ထားရန်လိုကြောင်း၊ ကံပိုင်တည်း၊ မူဆယ်၊ ချင်းရွှေဟော်၊ တာချီလိတ်၊

မြဝတီနယ်စပ်ကုန်သွယ်မှုစခန်းများကို အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်မှုဆောင်ရွက်ရာတွင် ကုန်ပစ္စည်းများ မြန်မြန်ဆန်ဆန် တင်ပို့နိုင်ရေး မိမိတို့ ပို့ဆောင်မည့် ပစ္စည်းများကို မိမိတို့နိုင်ငံအတွင်း၌ ကြိုတင်စစ်ဆေးဆောင်ရွက်နိုင်ရန်လိုကြောင်း၊ **အလားတူ နယ်စပ်ဒေသကုန်သွယ်ရေးအတွက် ကားလမ်းကို အသုံးပြုလျက်ရှိသကဲ့သို့ မီးရထားလမ်းများ ဖောက်လုပ်နိုင်ရေး အတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ မူဆယ်–မန္တလေး ရထားလမ်းဖောက်လုပ်ရန် သုံးသပ်ဆောင်ရွက်နေပြီး ချင်းရွှေဟော်–လားရှိုး ရထား လမ်းလည်း ဖောက်လုပ်သင့်ကြောင်း၊ ကျောက်ဖြူရေနက် ဆိပ်ကမ်းမှ မန္တလေးသို့ မီးရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းကိုလည်း အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက် လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ကုန်စည်စီးဆင်းမှု များ ပိုမိုတိုးတက်လာမည်ဖြစ်**ကြောင်း၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံး နိုင်ငံ ဆက်သွယ်မှုကို အထောက်အကူပြုသည့် တမူးလမ်းပြန်လည်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်ရန်လိုကြောင်း။

ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် ပြည်တွင်း စားသုံးမှုကို မထိခိုက်စေရန်လိုကြောင်း၊ စာရင်းဇယားများ မှန်ကန်မှုရှိရန်လိုကြောင်း၊ စပါးစိုက်ပျိုးသည့် လယ်မြေ ဧက ၁၃ သန်းကျော်တွင် သီးထပ်များ စိုက်ပျိုးနိုင်ရန် Incentive ပေး၍ ဆောင်ရွက်ရန်လိုကြောင်း၊ စပါး အပါအဝင် အခြားသီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်း အတိုင်းရရှိအောင် စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သည့်သွင်းအားစုများ စနစ်တကျထည့်သွင်း နိုင်ရန်အတွက် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံများအထွက်နှုန်းကောင်းမွန်လာပါက ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ် ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီနှင့် ပြောင်း သီးနှံများသည် ပြည်ပဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် ဆွေးနွေး မှုများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် များစွာ အကျိုးရှိကြောင်း၊ လက်တွေ့အောင်မြင်အောင်ဆောင်ရွက် ကြရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီးဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၂၇ - ၈ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဩဂုတ်လ(၂၇)ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြို့မိ၊ မြို့ဖများ၊ ညောင်ဦးခရိုင်၊ ပခုက္ကူခရိုင်၊ မြင်းခြံခရိုင်၊ မင်းဘူးခရိုင်နှင့် မကွေးခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံယဉ်ကျေးမှုပြတိုက်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

**ရှေးမူမပျက်စေဘဲ ခေတ်နှင့်လျော်ညီသည့် ပြုပြင်ထိန်းသိမ်းမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂံရှေးဟောင်းနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းထားရှိမှုများအား လာရောက်ကြည့်ရှုစစ်ဆေးစဉ် ပုဂံ ညောင်ဦးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးနိုင်ရေး၊ ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့ ဒေသခံ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မြို့မိ၊ မြို့ဖများအနေဖြင့် မိမိတို့ဒေသအကျိုးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားကြရန်လိုကြောင်း။

ပုဂံ၊ ညောင်ဦးဒေသသည် ပြည်တွင်း၊ ပြည်ပ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများပြားသည့် မြို့ဖြစ်သဖြင့် ယခုထက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်း ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်း

ဆက်သွယ်မှုနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ပုဂံညောင်ဦး ဒေသ စိမ်းလန်းသာယာလှပရေးအတွက် ရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်သည့် ဒေသတစ်ခုဖြစ်စေရေးအတွက်လည်း ဖန်တီးဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံဒေသအတွင်းရှိရှေးဟောင်း ဘုရား၊ စေတီ၊ ပုထိုးများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရှေးမူမပျက်စေဘဲ ခေတ်နှင့်လျော်ညီသည့် ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ဘုရားဖူးသူများအနေဖြင့် ထီးလိုမင်းလိုဘုရားကြီး၏ အထက်ပစ္စယံမှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများကို ကြည်ညိုဖူးမြော်နိုင်ရေးနှင့် ပုဂံဒေသ၏ အလှအပများကို ကြည့်ရှုနိုင်ရေးအတွက် လူဦးရေအကန့်အသတ်၊ အချိန်အကန့်အသတ်တို့ဖြင့် ပြန်လည်တက်ရောက် ကြည်ညိုခွင့်ပြုပေးနိုင်ရေး အတွက်လည်း မိမိတို့အနေဖြင့် သုံးသပ်လျက်ရှိကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းရေး**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကထားသော နိုင်ငံဖြစ်သဖြင့် လူတိုင်းနှင့်အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ စားသောက်ရန် အစားအစာများနှင့် ဝင်ငွေများ ရရှိမည်ဖြစ်ကြောင်း၊ စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ခရိုင်များ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ ဆက်လက်၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာ သိပ္ပံများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေး တက္ကသိုလ်များကို ဆက်လက်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိရေးအတွက် လက်တွေ့ကျသည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးနှင့် ပတ်သက်၍ တိုးတက်မှုများရှိစေရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂံဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် ပညာတတ်များ ပေါ်များစေရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သဖြင့် ဥပဒေကို အကျွမ်းတဝင်ရှိရန်၊ နားလည်ရန်လိုကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ ဥပဒေဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စီးပွားရေးအမြင်ရှိရန်လိုသဖြင့် စီးပွားရေးဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့အတွက် အခြေခံကောင်းများရရှိစေရေး ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ရေအရင်းအမြစ်များရှိပြီး မြစ်ရေများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုများ ရှိစေရေး တာဝန်ရှိသူများအနေဖြင့် စိစစ်ကြပ်မတ်

> **ပုဂံညောင်ဦးလေဆိပ်သည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တည်ရှိခြင်းကြောင့် ပြည်ပမှ လေယာဉ်ကြီးများ တိုက်ရိုက်ဆင်းသက်ရန် အခက်အခဲများရှိနိုင်၊ ထို့ကြောင့် ရေရှည်အတွက် အဆင်ပြေစေရန် ပခုက္ကူလေဆိပ်အား နိုင်ငံတကာလေဆိပ်အဖြစ် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ပုဂံညောင်ဦးလေဆိပ်ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်လို။**

ဆောင်ရွက်နေရန်လိုကြောင်း၊ ပုဂံညောင်ဦးဒေသအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များ၊ နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို မြို့မိ၊ မြို့ဖများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် မြို့မိ၊ မြို့ဖများက ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းဘုရားများနှင့် ယဉ်ကျေးမှုနယ်မြေများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးစေလိုမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ယခုထက်တိုးတက်အောင် ဆောင်ရွက်ပေးစေလိုမှု၊ ပုဂံဒေသအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များနှင့် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် လိုအပ်မှုရှိသည့် အခြေခံပညာကျောင်းများ၌ ကျောင်းဆောင်များ တိုးချဲ့ဆောက်လုပ်ပေးစေလိုမှု၊ ပုဂံဒေသသို့ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်ရေး ညောင်ဦးလေဆိပ်သို့ နိုင်ငံတကာလေယာဉ်များ တိုက်ရိုက်ဆင်းသက်နိုင်ရေး ဆောင်ရွက်ပေးစေလိုမှုတို့ကို ဆွေးနွေးပြောကြားကြပြီး ညောင်ဦးခရိုင်၊ ပခုက္ကူခရိုင်၊ မြင်းခြံခရိုင်၊ မင်းဘူးခရိုင်နှင့် မကွေးခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြကြသည်။

## ဖြည့်စွက်ဆွေးနွေး ရှင်းလင်းပြောကြား

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်မှုမရှိစေရေး နိုင်ငံရေးအရ အကြောင်းအမျိုးမျိုးပြ၍ ပိတ်ပင်မှုများရှိခြင်းကြောင့် ပြည်ပခရီးသွားများဝင်ရောက်မှု နည်းပါးနေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝန်ဆောင်မှုလုပ်ငန်းများသည်လည်း အခြားနိုင်ငံများကဲ့သို့ ဆောင်ရွက်ပေးရန်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့ဒေသသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာပြည်သူများ စားသောက်ရေး၊ နေထိုင်ရေးနှင့် သွားလာမှုများ အဆင်ပြေစေရေးအတွက် ဒေသခံများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြားသူများဆောင်ရွက်သည့် အောင်မြင်ပြီးလုပ်ငန်းများကို လိုက်လံဆောင်ရွက်ခြင်းထက် မိမိတို့ ကိုယ်ပိုင်အတွေးအခေါ်များဖြင့် အခြားလုပ်ငန်းအသစ်များကို ဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ ပုဂံဒေသအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန်အတွက် ပုဂံဒေသသည် မိုးရွာရက်နည်းပါးခြင်းကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို တတ်နိုင်သမျှ ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံညောင်ဦး လေဆိပ်သည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တည်ရှိခြင်းကြောင့် ပြည်ပမှ လေယာဉ်ကြီးများ တိုက်ရိုက်ဆင်းသက်ရန် အခက်အခဲများရှိနိုင်ကြောင်း၊ ထို့ကြောင့် ရေရှည်အတွက် အဆင်ပြေစေရန် ပခုက္ကူလေဆိပ်အား နိုင်ငံတကာလေဆိပ်အဖြစ် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂံညောင်ဦးလေဆိပ်ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံမြို့ ရေလုံလောက်စွာရရှိရေးအတွက် ဧရာဝတီမြစ်မှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းကို ဆောင်ရွက်၍ ရေသန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း။

ခရိုင်များအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေး ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ထွက်ရှိနေသည့် အထွက်နှုန်းထက် ပိုမိုတိုးတက်အောင်နှင့် အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်းဆန်ဖူလုံရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ဧကများ တိုးချဲ့ခြင်း၊ သီးထပ်များ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုလည်း ယခုထက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒေသစားရေးကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို

အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတွင်းစားရေးနှင့်ပတ်သက်၍ ဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများ ကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးလှမိုးတို့က တင်ပြချက်များနှင့် စပ်လျဉ်း၍သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကအားဖြင့် ဒေသစီးပွားရေး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများကို အများဆုံးဆောင်ရွက်ကြကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းများလိုအပ်ပြီး ဒေသတွင်းရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန် ကုန်ကြမ်းများကိုအခြေခံသည့် တန်ဖိုးမြှင့် ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယခင်က ဝါစိုက်ပျိုးမှုများကို အဓိကဆောင်ရွက်ခဲ့ကြပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဝါစိုက်ပျိုးမှုများ လျော့နည်းခဲ့သဖြင့် မိမိတို့အစိုးရ တာဝန်ယူချိန်တွင် ဝါစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း ဝါစိုက်တောင်သူများ ဝါစိုက်ပျိုးမှုများ ဆောင်ရွက်စေရေး တိုက်တွန်းအားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ ဝါစိုက်ပျိုးခြင်းဖြင့် ချည်ထည်လုပ်ငန်းများကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုများ ဆောင်ရွက်ရာတွင် ချည်ချောများထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ တိုင်းပြည်၏ ဝါလိုအပ်ချက်ကို မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဖြည့်ဆည်းပေးရန်လိုကြောင်း။

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့သည် နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံရေးလုပ်ဆောင်နေခြင်း မဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အရေးအတွက် ပြည်သူလူထုများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းသည့် ဒေသများသည် ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး လက်နက်ကိုင်၍ ဒေသမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေမှုများသည် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုများနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၇ - ၈ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဩဂုတ်လ (၂၇)ရက်နေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ လိုက်ပါ၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**အာနန္ဒာဘုရား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကြကာ ဘုရားကြီး အတွင်းပရိဝုဏ်နှင့် အပြင်ပရိဝုဏ်အတွင်း ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့ဗိသုကာပညာရပ်သည် ရှေးယခင်ကတည်းကပင် အရည်အသွေးမြင့်မားခဲ့ကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့် ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ ရောက်ရှိမည်ဖြစ်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများသို့ လာရောက်ဖူးမြော်ကြမည့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူတို့သည်လည်း အများအပြား လာရောက်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စေတီပုထိုးများကို သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာနန္ဒာဘုရားကြီးအပါအဝင် ရှေးဟောင်းစေတီပုထိုး

များအား ပြုပြင်ထိန်းသိမ်းရာတွင် အရည်အသွေးကောင်းမွန်သည့် အပေါ်ခံဆေးသုတ်ထားခြင်းဖြင့် ရာသီဥတုကြောင့် ပျက်စီးမည့်ဒဏ်ကို ခံနိုင်မည်ဖြစ်ပြီး ရေဝင်ပျက်စီးမှုများကိုလည်း ခံနိုင်မည်ဖြစ်သဖြင့် ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုအပေါ်မူတည်၍ ရေရှည်တည်တံ့ခိုင်မြဲမှုကို ဖြစ်ပေါ်စေမည်ဖြစ်သဖြင့် မူလလက်ရာကိုမထိခိုက်စေဘဲ ခေတ်မီနည်းပညာများ အသုံးပြုထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**စူဠာမဏိဂူဘုရားကြီး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့ပြီး ရေဝပ်မှုများဖြစ်ပေါ်ခဲ့သည့် နရပတိစည်သူမင်း တည်ထားခဲ့သော စူဠာမဏိဂူဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ဘုရားကြီးအား ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ဘုရားကြီးပရိဝုဏ်အတွင်း မြေညှိခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခင်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်၊ ရေဝပ်မှုများဖြစ်ပေါ်ခဲ့ရသည့် သင်ခန်းစာရရှိပြီးဖြစ်သဖြင့် နောင်တွင် ရေဝင်ရောက်မှုများမဖြစ်စေရေး ရေထွက်ပေါက်များ ဆောင်ရွက်နေမှုများကို စနစ်တကျ တွက်ချက်ထည့်သွင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘုရားကြီး၏ အတွင်း၊ အပြင် ထိန်းသိမ်းရာတွင် သမိုင်းဝင်တန်ဖိုးကြီးအမွေအနှစ်ဖြစ်သည့်အတွက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ မူလရင်ပြင်တော်ကိုလည်း ယခုအခြေအနေမှ တဖြည်းဖြည်း စနစ်တကျ ဖော်ထုတ်သွားရန်လိုကြောင်းနှင့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ရေရှည်တည်တံ့စေရေးအတွက် မှန်ဖြင့်ကာရံနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စေတီပုထိုးများ ပတ်ပတ်လည်၌ သန့်ရှင်းသပ်ရပ်နေမှသာလျှင် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာရောက်သူများ စိတ်အေးသက်သာစွာဖြင့် လှည့်လည်ဖူးမြော်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ထီးလိုမင်းလို ဘုရားကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထီးလိုမင်းလိုဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအတွင်း၊ အပြင်နှင့် အထက်ပစ္စယံတို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ထိန်းသိမ်းထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများသည် ရှေးဟောင်းသမိုင်းဝင်လက်ရာများဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ထီးလိုမင်းလိုဘုရားကြီး၏ အထက်ပစ္စယံမှ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများကို ကြည်ညိုဖူးမြော်နိုင်မည်ဖြစ်ပြီး ပုဂံဒေသ၏ အလှအပများကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်သဖြင့် လူဦးရေ အကန့်အသတ်၊ အချိန်အကန့်အသတ်တို့ဖြင့် ပြန်လည်တက်ရောက်ကြည်ညိုခွင့်ပြုပေးနိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)တွင် ပြောကြားသည့်အမှာစကား

( ၃၀ - ၈ - ၂၀၂၃ )





ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)ကို ဩဂုတ်လ(၃၀)ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် အစိုးရသစ်၏ ပထမဆုံး အစည်းအဝေးဟု ဆိုနိုင်ကြောင်း၊ အစိုးရတစ်ရပ်၏ တာဝန်မှာ နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတိုးတက်အောင်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ရန်နှင့် အလုပ်အကိုင်များရရှိပြီး လူတိုင်းဝင်ငွေရရှိအောင်၊ ဆင်းရဲမွဲတေမှု လျှော့ချနိုင်အောင် ဆောင်ရွက်ပေးရန်လို**အပ်ကြောင်း၊ တစ်ဦးချင်း၏ လူမှုစီးပွားဘဝများတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ဦးတည်ချက်ထား ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ရည်ရွယ်ချက်များချမှတ်၍ ဆောင်ရွက်ရန်လိုကြောင်း။

ဆင်းရဲမွဲတေမှုများ လျှော့ချရေးကို ဒီမိုကရေစီအစိုးရ ပထမသက်တမ်းမှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းရဲ

မွဲတေမှုလျှော့ချ၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် ပညာရည်မြင့်မားနေရန်လိုကြောင်း၊ ယေဘုယျအားဖြင့် မြို့ပေါ်နေပြည်သူအများစုမှာ အတန်းပညာတတ်မြောက်မှုမြင့်မားပြီး ကျေးလက်ဒေသနှင့် အစွန်အဖျားနေရာများရှိပြည်သူများ၏အတန်းပညာတတ်မြောက်မှုမှာ နည်းပါးနေသေးကြောင်း၊ထို့ကြောင့် အဆိုပါဒေသများရှိ ပြည်သူများ အတန်းပညာတတ်မြောက်မှု မြင့်မားလာစေရေး ရည်ရွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်က တစ်နိုင်ငံလုံး စာမတတ်မြောက်သူပပျောက်ရေးအတွက် "အ" သုံးလုံး သင်တန်းများကို ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ယခုအခါတွင်လည်း ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသများရှိ ပြည်သူများအားလုံး စာတတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘာသာစကားအခက်အခဲများ ရှိနိုင်သည်ဖြစ်သော်လည်း အခြေခံမှတစ်ဆင့် စာတတ်မြောက်ရေးကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စာတတ်အောင်ပြုလုပ်ပြီးမှ အတန်းပညာမြင့်မားရေးကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စီးပွားရေးမှ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်**

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၌ လူမှုရေးတွင် ပညာရေးနှင့် ကျန်းမာရေးပါဝင်ကြောင်း၊ ထို့ကြောင့် ပြည်သူများ ပညာရည်တိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ ပြည်သူများအားလုံး ကျန်းမာရေးကောင်းမွန်နေစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝင်ငွေရသည့် စီးပွားရေးလုပ်ငန်းအောင်မြင်မှသာ စားသောက်နေထိုင်ရေးအတွက် သုံးစွဲနိုင်ပြီး ကျန်းမာရေးအတွက် ကိုယ်ခံစွမ်းအားများ ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ စီးပွားရေးကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် နိုင်ငံအတွက် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးအခြေခံပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများ တိုးတက်စေရေး နှစ်အလိုက်အဆင့်ဆင့် ဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံပြီး ခေတ်နှင့်လျော်ညီသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်နှင့် လျော်ညီသည့် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းမှတစ်ဆင့် နည်းပညာနှင့် စက်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို နည်းပညာများနှင့် ပေါင်းစပ်ထုတ်လုပ်သွားမည်ဆိုပါက တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် မိမိတို့နိုင်ငံစီးပွားရေးလုပ်ငန်းများတွင် အခြေခံအကျဆုံးလုပ်ငန်းများဖြစ်သဖြင့် ကုန်ကြမ်းသေချာသည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSME လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ပြည်နယ်အစွန်အဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေများတိုးတက်ကာ ပြည်သူများ၏ စီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ကျန်းမာရေးနှင့် စားသောက်နေထိုင်ရေးတို့ကို မြှင့်တင်လာနိုင်မည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများရှိပြီး ပန်းတိုင်ရည်မှန်းချက်များရှိပြီးဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများအလိုက် ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် ထုတ်လုပ်နိုင်ရန်နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ရည်မှန်းချက်များအတိုင်း

အပြည့်အဝဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် လျှော့ချရပ်ဆိုင်းခဲ့ရသည့် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စက်ရုံများရှိ လက်ရှိစက်စွမ်းအားများအပေါ် မူတည်၍ ထုတ်လုပ်မှုများကိုဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပုဂ္ဂလိက ကုန်ထုတ်လုပ်မှုများကိုလည်း စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ရန်လိုပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ထုတ်ကုန်ပစ္စည်းများကိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကချင်း ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများ တိုးတက်ရေး ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ၎င်းမှတစ်ဆင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လိုအပ်ချက်ရှိသဖြင့် ဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ တစ်ဆက်တည်း သီးထပ်စွမ်းအားကိုလည်း မြှင့်တင်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံးအနေဖြင့် လုပ်ငန်းများ အောင်မြင်စေရေး စနစ်တကျဖြင့် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

**စာရင်းဇယားများ တိကျမှန်ကန်ရေးအလေးထားဆောင်ရွက်**

လုပ်ငန်းများဆောင်ရွက်ရာတွင် မှားယွင်းမှုများ အနည်းဆုံးဖြစ်စေရေး တိတိကျကျဖြင့်ဆောင်ရွက်ရန်နှင့် စာရင်းဇယားများ မှန်ကန်မှုများ ရှိစေရေးကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ စာရင်းဇယားများ မှန်ကန်မှုရှိမှသာ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တင်ပြသည့်စာရင်းဇယားအချက်အလက်များသည် မြေပြင်အခြေအနေနှင့် အနီးစပ်ဆုံး မှန်ကန်မှုရှိမှသာလျှင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို သုံးသပ်သိရှိနိုင်မည်ဖြစ်ပြီး သုံးသပ်မှု မှန်ကန်မှသာလျှင် မှန်ကန်သည့် ဆုံးဖြတ်ချက်များနှင့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အားလုံးက အလေးထားစဉ်းစားသုံးသပ် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးတွင်းကာလအတွင်း လမ်းများပျက်စီးမှုများ ရှိခဲ့သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေး ကြိုတင်ပြင်ဆင်ရန်လိုကြောင်း၊ မည်သည့် လမ်းအမျိုးအစားဖြစ်စေ ပွင့်လင်းကာလအတွင်း ခရီးသွားပြည်သူများ ချောချောမွေ့မွေ့ဖြင့် သွားလာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

> **ဝန်ဆောင်မှုလုပ်ငန်းတွင် ခရီးသွားလုပ်ငန်းလည်းပါဝင်၊ ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြားလာပြီဖြစ်၊ ခရီးသွားများ များပြားလာမှုနှင့်အညီ ခရီးသွားလုပ်ငန်းများအတွက် လိုအပ်သည့် တည်းခိုရေး၊ နေထိုင်စားသောက်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများလည်း လည်ပတ်ကောင်းမွန်လာမည်ဖြစ်၊ ခရီးသွားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ နိုင်ငံအတွက်အကျိုးရှိစေရေး ဆောင်ရွက်ရန်လို၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရေးအတွက်လည်း စားသောက်နေထိုင်မှုများ သပ်ရပ်ကောင်းမွန်နေစေရေး ဆောင်ရွက်ရန်လို။**

**နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုလုပ်ငန်းများဖြစ်အောင် ဆောင်ရွက်ရန်လို**

စီးပွားရေးနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုသာမက ဝန်ဆောင်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းတွင် ခရီးသွားလုပ်ငန်းလည်းပါဝင်ကြောင်း၊ ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြားလာပြီဖြစ်ကြောင်း၊ ခရီးသွားများ များပြားလာမှုနှင့်အညီ ခရီးသွားလုပ်ငန်းများအတွက် လိုအပ်သည့် တည်းခိုရေး၊ နေထိုင်စားသောက်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများလည်း လည်ပတ်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ခရီးသွားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ နိုင်ငံအတွက်အကျိုးရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရေးအတွက်လည်း စားသောက်နေထိုင်မှုများ သပ်ရပ်ကောင်းမွန်နေစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မီဒီယာကဏ္ဍမှလည်း သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လူမှုကွန်ရက်များမှတစ်ဆင့် ခရီးသွားလုပ်ငန်းများအတွက် ဆွဲဆောင်မှုများရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်သွားရန်လိုကြောင်း၊ လာရောက်သည့် ခရီးသွားများအနေဖြင့် မိမိတို့နိုင်ငံ၏ ပုံရိပ်ကောင်းများကို မြင်တွေ့သွားနိုင်ရေးနှင့် ဝန်ဆောင်မှုများကို ရရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မှတ်ကျောက်တင်ခံနိုင်သည့် အစိုးရတစ်ရပ်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

**စဉ်ဆက်မပြတ်တာဝန်ထမ်းဆောင်နိုင်ရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လုပ်ငန်းများ အောင်မြင်စေရေး ဆောင်ရွက်ရာတွင် လူမှန် နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လိုကြောင်း၊ လုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ပညာတတ်လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနေရန်လိုကြောင်း၊ အရာထမ်း၊ အမှုထမ်းများ ခန့်အပ်တာဝန်ပေးရာတွင်လည်း အဆင့်အလိုက် လုပ်ငန်းအတွေ့အကြုံများအပေါ်မူတည်၍ ရာထူးတာဝန်များ ပေးအပ်ထားခြင်းဖြစ်ပြီး ၎င်းတို့၏ အရည်အသွေးများ တိုးတက်စေရေး အဆင့်လိုက်သင်တန်းများတက်ရောက် လေ့ကျင့်စေလျက်ရှိကြောင်း၊ သင်တန်းများစေလွှတ်ရာတွင် ပြည်တွင်းသင်တန်းများကိုသာမက ပြည်ပသင်တန်းများကိုလည်း စေလွှတ်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ် လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက်လည်း ရည်မှန်းဆောင်ရွက်သွားရန်လိုကြောင်း။

ဌာနအလိုက် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအားလုံးကို ကျွမ်းကျင်နားလည်နေရန်နှင့် တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားပြီး စနစ်တကျဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဌာနအပေါ် စေတနာထားရန်နှင့် မိမိတို့နိုင်ငံအပေါ် စေတနာထားပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းသည်နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

**အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုကိုမထိခိုက်စေရေး ကြပ်မတ်ဆောင်ရွက်**

INGO နှင့် NGO အဖွဲ့များကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ အချို့သောပြည်ပအကူအညီများသည် INGO၊ NGO များမှတစ်ဆင့်မှုဝေ ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတို့ကို အကူအညီပေးနေသည့် အဖွဲ့အစည်း၊ နိုင်ငံများက အသုံးချနေမှုများရှိကြောင်း၊ နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေမည့်


လုပ်ဆောင်မှုများ၊ ရေးသားထုတ်ဝေမှုများ၊ ထုတ်လွှင့်မှုများ မရှိစေရေးအတွက်လည်း စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် လူမှုကွန်ရက်စသည့်နယ်ပယ်များအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အောင်မြင်မှုရှိစေရေး၊ တိုင်းပြည်ကောင်းစေရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

■ ■ ■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၃၁ - ၈ - ၂၀၂၃ )





ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ(၃၁)ရက်နေ့ မွန်းလွဲပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးညို‌စော၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လာရောက်ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ ဘုရားဖူးလာပြည်သူများ အေးငြိမ်းချမ်းသာစွာဖြင့် ဘုရားဖူးနိုင်ရေး

စီမံဆောင်ရွက်ထားရှိမှု၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်ပမှ နိုင်ငံခြားသားဧည့်သည်များ နေ့အလိုက်လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိရာ စတင်ဖွင့်လှစ်သည့်နေ့မှ ယခုလ ၃၀ ရက်အထိ ဘုရားဖူးလာသံဃာတော် ၈၂၄၃ ပါး၊ သီလရှင် ၁၉၉၈ ပါး၊ လူပုဂ္ဂိုလ် ၃၂၇၈၇၃ ဦး စုစုပေါင်း ၃၃၈၁၁၀ လာရောက်ဖူးမြော်ကြည်ညိုခဲ့မှု၊ ရဟန်း၊ သံဃာ၊ သီလရှင်များ၊ ကျောင်းအစီအစဉ်ဖြင့်လာရောက်သည့် ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်နှင့် ဝန်ထမ်းများအား ဝန်ထမ်းကတ်ဖြင့် ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံရန် လျာထားဆောင်ရွက်ထားရှိမှု၊ Ticket House တည်ဆောက်ပြီးစီးမှုနှင့် စမ်းသပ်ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပဘုရားဖူးများက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ လှူဒါန်းလျက်ရှိမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ပရဟိတအသင်းများက အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိမှု၊ ဘုရားဖူးလာပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး နေပြည်တော်သောက်ရေသန့်များ စီစဉ်ဆောင်ရွက်ပေးထားမှု၊ ဘုရားကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေးဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးသုံးစွဲမှု သက်သာစေရေး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မီးများ တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ ဘုရားဖူးမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ရပ်နားရန်နေရာများ စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နာယကအဖွဲ့၊ ထိန်းသိမ်းစောင့်ရှောက်ရေးဦးစီးကော်မတီ၊ ဂေါပကအဖွဲ့၊ အထောက်အကူပြုအဖွဲ့များဖွဲ့စည်းရန် လျာထားမှုနှင့် ဘုရားကြီးဝေယျာဝစ္စနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရန် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဘုရားကြီး၌ ဝန်ထမ်းများ တာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဂေါပကအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ဗိုလ်ချုပ်ဇော်နိုင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရဟန္တာကျောင်းဆောင်တော်နှစ်ဆောင်တည်ဆောက်နေမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများအား Drone ဖြင့် 360 ဒီဂရီဗီဒီယိုမှတ်တမ်းရိုက်ကူးထားရှိမှု၊ ဂန္ဓကုဋီတိုက်အပြင်ဘက်တွင် အင်္ဂတေစိန်တောင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အာရုံခံတန်ဆောင်းနှစ်ဆောင် တည်ဆောက်နေမှု၊ လက်ဆေးဘေစင်များ တပ်ဆင်ပြီးစီးမှု၊ ဂန္ဓကုဋီတိုက်အဝင်လမ်းဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်လမ်းနှင့် U-Turn တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ဒက္ခိဏသီရိမြို့ စံပယ်လမ်း (ရာဇသင်္ဂဟလမ်းဆုံ)နေရာ Free Way နှင့် လမ်းမြေတိုးချဲ့လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊

> **ဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လို၊ ယခုဘုရားကြီးသည် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး မြန်မာ့ ဂုဏ်ဆောင်သည့် ရုပ်ပွားတော်မြတ်ကြီး ဖြစ်သဖြင့် ရေရှည်ထိန်းသိမ်းစောင့်ရှောက် နိုင်ရန်အတွက် လူအင်အားလိုအပ်ချက်၊ ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များ၊ စီမံခန့်ခွဲမှု လိုအပ်ချက်များကို ရေရှည်အတွက် ယခု သုံးလတာကာလ တွေ့ကြုံရမှုများအပေါ် တွက်ချက်၍ စီမံခန့်ခွဲဆောင်ရွက်သွားရန်လို။**

ဒက္ခိဏာသီရိမြို့၊ သစ်ခွလမ်းတိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် မြတ်မင်္ဂလာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်စောသန်းလှိုင်က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဘုရားကြီး တည်ဆောက်မှု မှတ်တမ်းစာအုပ်ပြုစုဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားဖူးလာဆရာတော်သံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို ဘာဂီယာဉ်များနှင့် သယ်ယူပို့ဆောင်ခြင်းများကိုဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘုရားကြီး၌ ခန့်အပ်မည့်ဝန်ထမ်းများ ဖွဲ့စည်းခန့်အပ်တာဝန်ပေးမှုများနှင့် ပတ်သက်၍လည်း စနစ်တကျဖြစ်စေရေး စိစစ်ခန့်အပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကြီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များကို စနစ်တကျစိုက်ပျိုးသွားရန်လိုကြောင်း၊ ဂန္ဓကုဋိတိုက်များအတွင်း အစားအသောက်များ စားသောက်မှု မရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူအခြားဘုရားကြီး ပရိဝုဏ်တော်အတွင်း သန့်ရှင်းသာယာမှုများရှိစေရေး စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ဘုရားကြီးသို့ ဝင်ထွက်သည့်လမ်းများ စနစ်တကျရှိစေရေးနှင့် ကားရပ်ရန် နေရာများစနစ်တကျရှိစေရေး ဆောင်ရွက်ရန်လိုအပ်ကြောင်းမှာကြားသည်။

**မှာကြား**

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကနိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဘုရားကြီးသို့ ဝင်ရောက်ဖူးမြော်ခြင်းနှင့်ပတ်သက်၍ ပထမသုံးလတာကာလအတွင်း စမ်းသပ်ကာလအဖြစ် အမြဲတမ်းစည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ခြင်းမပြုဘဲ ယာယီစည်းကမ်းသတ်မှတ်ချက်များဖြင့်သာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘုရားကြီးဝင်ရောက်ခွင့်နှင့်ပတ်သက်၍ ဘုရားဖူးလာပြည်သူများ အသက်သာဆုံးဖြစ်စေရေးနှင့် ဝင်ရောက်သူအားလုံးကို အခမဲ့ဝင်ရောက်ခွင့်ပေးရန်နှင့် ဘုရားကြီးဝင်းအတွင်း ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာရိုက်ကူးခြင်းများကိုသာ ထိုက်သင့်သည့်နှုန်းဖြင့် ကောက်ခံသွားရန်လိုကြောင်း၊ ဘုရားကြီးဝင်းအတွင်း ကားပါကင်သို့ ဝင်ရောက်ရပ်နားမှုနှင့်ပတ်သက်၍ ကိုယ်ပိုင်ယာဉ်ငယ်များကိုသာဝင်ရောက်ခွင့်ပြုရန်လိုကြောင်း၊ ယာဉ်ရပ်နားခကိုလည်းထိုက်သင့်သည့် ရပ်နားခနှုန်းထားများအတိုင်း ကောက်ခံနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် ဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုဘုရားကြီးသည် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက်ဥဏ်တော်အမြင့်ဆုံးဖြစ်ပြီး မြန်မာ့ဂုဏ်ဆောင်သည့်ရုပ်ပွားတော်မြတ်ကြီးဖြစ်သဖြင့် ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် လူအင်အား လိုအပ်ချက်၊ ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များ၊ စီမံခန့်ခွဲမှုလိုအပ်ချက်များကို ရေရှည်အတွက် ယခုသုံးလတာကာလ တွေ့ကြုံရမှုများအပေါ် တွက်ချက်၍ စီမံခန့်ခွဲဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၅၆) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၈ - ၈ - ၂၀၂၃ )

**လေးစားအပ်ပါသော မြန်မာပြည်သူပြည်သားများနှင့် အာဆီယံ ပြည်သူများခင်ဗျား-**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၅၆)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာနိုင်ငံနှင့် အာဆီယံဒေသအတွင်းရှိပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ယနေ့ကြုံတွေ့နေရသည့် ကမ္ဘာ့ရေးရာအပြောင်းအလဲများအကြားတွင် အာဆီယံပြည်သူများ၏ ကောင်းကျိုးချမ်းသာအတွက် ဆောင်ရွက်ရာ၌ အာဆီယံအသင်းကြီးအနေဖြင့် အောင်မြင်မှုများ တိုးတက်ရရှိပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အာဆီယံအသင်းကြီးကို လွန်ခဲ့သည့် (၅၆) နှစ်၊ စစ်အေးကာလ အပြင်းထန်ဆုံးအချိန်ဖြစ်သော ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံခေါင်းဆောင်များက အမြော်အမြင်ကြီးမားစွာဖြင့် စတင်ဖွဲ့စည်းခဲ့ကြခြင်းဖြစ်ပါသည်။ ယင်းနေ့မှာပင် အာဆီယံ ကြေညာစာတမ်းဟု လူသိများသည့် ဘန်ကောက်ကြေညာစာတမ်းကို ခေါင်းဆောင်ငါးဦးတို့က လက်မှတ်ရေးထိုးပြီး အာဆီယံအသင်းကြီးကို စတင်ဖွဲ့စည်းခဲ့ပါသည်။

အာဆီယံအသင်းကြီး၏ တိုးတက်ပြောင်းလဲမှု သမိုင်းဖြစ်စဉ်တစ်လျှောက်တွင် စိန်ခေါ်မှုများနှင့် ရပ်တည်အောင်မြင်မှုအတွက် သံသယများကို ရင်ဆိုင်ခဲ့ရသော်လည်း ယခုအချိန်အခါ ခေတ်မီတိုးတက်နေသော ကမ္ဘာကြီးတွင် အစိုးရများ အချင်းချင်းအကြား ဖွဲ့စည်းထားသော အဖွဲ့အစည်းများအနက် အာဆီယံသည်လည်း အောင်မြင်မှုရရှိနေသော အသင်းကြီးတစ်ခု ဖြစ်လာခဲ့ပါသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေး သာမက ဒေသတွင်းပုံရိပ်ကိုပါ ထိန်းသိမ်းထားကြရန် တာဝန်ရှိပါသည်။ အာဆီယံအသင်းကြီး၏ အောင်မြင်မှုနှင့် သက်တမ်းရှည်ကြာမှုကို အဖွဲ့ဝင်(၁၀)နိုင်ငံဖြင့် တိုးချဲ့ဖွဲ့စည်းသက်သေပြနိုင်ခဲ့သကဲ့သို့ နောက်ထပ်မိသားစုဝင်အသစ်ကိုလည်း ကြိုဆိုနိုင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ပါသည်။

ယနေ့အချိန်တွင် အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (Treaty of Amity and Cooperation in SouthEast Asia– TAC) ကို လက်မှတ်ရေးထိုးရန် စိတ်အားထက်သန်သော နိုင်ငံအရေအတွက်များပြားလာသကဲ့သို့အာဆီယံပြင်ပနိုင်ငံများအနေဖြင့်လည်း အာဆီယံနှင့် မိတ်ဖက်ဆက်ဆံရေး ပုံစံအမျိုးမျိုး ထူထောင်လိုမှု တိုးတက်များပြားလာသည်ကိုလည်း တွေ့ရပါသည်။ ထိုသို့ဖြစ်ပေါ်နေခြင်းမှာ အာဆီယံအသင်းကြီး၏ အခြေခံမူများသည် နိုင်ငံတကာနယ်ပယ်တွင် အရေးပါ အကျုံးဝင်နေဆဲဖြစ်ကြောင်း ထင်ဟပ်ပြသနေခြင်းပင် ဖြစ်ပါသည်။

ယနေ့အထိ အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (TAC) သို့ နိုင်ငံပေါင်း(၅၁)နိုင်ငံပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည်ကို အားတက်ဖွယ်တွေ့မြင်ရပြီး အာဆီယံနှင့် မိတ်ဖက်ဆက်ဆံမှုရှိသော (၁၁)နိုင်ငံနှင့် မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးအဆင့်ရှိသည့် နိုင်ငံ(၉)နိုင်ငံရှိပြီး ၎င်းတို့အနက်(၄)နိုင်ငံကို ဘက်စုံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထို့ပြင် အာဆီယံအသင်းကြီးနှင့် အာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် လက်တင်အမေရိကဒေသများမှ နိုင်ငံ(၁၀)နိုင်ငံတို့သည် ကဏ္ဍအလိုက် မိတ်ဖက်ဆက်ဆံရေး သို့မဟုတ် ဖွံ့ဖြိုးမှုမိတ်ဖက်ဆက်ဆံရေးအဆင့် ထူထောင်ထားရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံအသင်းကြီးအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်

တည်ငြိမ်ရေးကို ထိန်းသိမ်းရာတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝါဒ၏ အောင်မြင်မှု စံနမူနာတစ်ခုအဖြစ် သက်သေပြသနိုင်နေပြီဖြစ်ပါသည်။

သို့ရာတွင် အာဆီယံအသင်းကြီးသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ခက်ခဲသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။ အသင်းကြီးအနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများဖြစ်သည့် သဘာဝဘေးအန္တရာယ်များ၊ ကူးစက်ရောဂါအသစ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်မှု၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေး စသည့်ကိစ္စရပ်များတွင် အတူတကွဖြေရှင်းနိုင်ရန်အတွက် အနာဂတ်ကို ယခုထက်ပို၍ ကြိုတင်မှန်းဆပြင်ဆင်ထားရန် လိုအပ်ပါသည်။ ထိုကဲ့သို့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အာဆီယံဦးဆောင်သည့် ဆောင်ရွက်မှုပုံစံနှင့် စုစည်းမှုအားကောင်းသည့် ဒေသဆိုင်ရာအဆင့် ချဉ်းကပ်မှုမျိုးရှိရန် အရေးကြီးပါသည်။

၂၀၂၃ ခုနှစ် အာဆီယံဥက္ကဋ္ဌက ချမှတ်ထားသည့် **"ASEAN Matters: Epicentrum of Growth" "ဖွံ့ဖြိုးမှုဗဟိုချက် အာဆီယံက အလေးထားဆောင်ရွက်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အာဆီယံ၏ အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ အနာဂတ်တွင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားအဖြစ် ဒေသတွင်းစွမ်းအားဖြစ်ထွန်းစေရေးကို ပေါ်လွင်အောင် ဖော်ဆောင်ပေးရန်လိုပါသည်။

အာဆီယံအသင်းကြီးက ရည်ရွယ်ချမှတ်ထားသည့် မျှော်မှန်းချက်များကို အောင်အောင်မြင်မြင် ရရှိနိုင်ရေးအတွက် အာဆီယံပဋိညာဉ် စာတမ်းပါအခြေခံမှုများနှင့်အညီ အာဆီယံ၏အချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို အလေးအနက်ထားကိုင်စွဲကြရန် သတိပြုကြရမည်ဖြစ်ပါသည်။ ထို့အပြင် ပထဝီနိုင်ငံရေး အားပြိုင်မှုများမှတစ်ဆင့် ပေါ်ပေါက်လာမည့် ဖိအားပေးမှုများနှင့် စိန်ခေါ်မှုများကို ညီညီညွတ်ညွတ် ရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် အာဆီယံ၏ အချက်အချာကျမှုနှင့် အာဆီယံဦးဆောင်သော အခန်းကဏ္ဍများအပေါ် ခြိမ်းခြောက်လာနိုင်သည့် အခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုထက်ပို၍ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံကို ဖော်ဆောင်ကြရန် လိုအပ်ပါသည်။

အာဆီယံအသင်းဝင်နိုင်ငံများအနေဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ဒေသဆိုင်ရာကတိကဝတ်များ ပြည့်မီစေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ပြည်သူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အာဆီယံအသင်းကြီး၏ အနာဂတ်နှင့် ၂၀၂၅ အလွန် အာဆီယံမျှော်မှန်းချက်များကို ထိန်းသိမ်းထားနိုင်ရေး၊ ပြည်သူများ၏ လူမှုဘဝတိုးတက်ကောင်းမွန်စေရေးအတွက် ကြံ့ကြံ့ခံနိုင်မှု၊ တီထွင်စွမ်းအားရှိမှုနှင့် ပြည်သူဗဟိုပြု အာဆီယံအသင်းကြီးဖြစ်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်းအခြေပြုမြေပုံ အကောင်အထည်ဖော်ဆောင်မှု၊ ဒေသဆိုင်ရာပေါင်းစည်းရေးနှင့် အသိုက်အဝန်းတည်ဆောက်ရေးတို့အတွက် အာဆီယံနှင့်အတူ တာဝန်သိအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

> **ပထဝီနိုင်ငံရေး အားပြိုင်မှုများမှတစ်ဆင့် ပေါ်ပေါက်လာမည့် ဖိအားပေးမှုများနှင့် စိန်ခေါ်မှုများကို ညီညီညွတ်ညွတ် ရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်၊ မိမိတို့အနေဖြင့် အာဆီယံ၏အချက်အချာကျမှုနှင့် အာဆီယံဦးဆောင်သော အခန်းကဏ္ဍများအပေါ် ခြိမ်းခြောက်လာနိုင်သည့်အခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ယခုထက်ပို၍ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှုရှိပြီး စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုပုံစံကို ဖော်ဆောင်ကြရန်လို။**

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရနှင့် ဘဏ္ဍာရေးအပါအဝင် လုပ်ငန်းပိုင်းဆိုင်ရာများ၌ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖြည့်ဆည်းရမည့် ဝတ္တရားများကို မပျက်မကွက် ထမ်းဆောင်လျက်ရှိနေပါသည်။ အထူးသဖြင့် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေး တာဝန်ခံနိုင်ငံအဖြစ် ဆောင်ရွက်နေပြီး အာဆီယံမဏ္ဍိုင်(၃)ရပ်နှင့် ၎င်းအောက်ရှိ နယ်ပယ်ကဏ္ဍများတွင် အသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းဆောင်ရွက်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

အာဆီယံပြည်သူပြည်သားများဖြစ်ကြသည့် မိမိတို့အနေဖြင့် အနာဂတ်သာယာလှပစေရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိရမည်ဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့် (၅၆) နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်လောင်း ကတိကဝတ်ပြုပါသည်။

ဒေသတွင်းရှိ ပြည်သူများ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ် စာတမ်းပါအချက်များကို လေးစားလိုက်နာပြီး အာဆီယံ၏ အခြေခံမူများနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တာဝန်ရှိသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းကတိပြုလျက် သဝဏ်လွှာပါးအပ်ပါသည်။

■ ■ ■